# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၀၃)၊ ၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လပြည့်နေ့ ၊ ၆–၁၀– ၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူ လူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။



## ကျောက်ဆည်မြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရိုးရာဆင်အကအလှပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

ကျောက်ဆည် အောက်တိုဘာ ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရိုးရာဆင်လှူပွဲတော်နှင့်ဆင်အကအလှပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရွှေသာလျောင်းတောင်ခြေ ဆင်အကအလှပြိုင်ကွင်းဗဟိုမဏ္ဍပ်၌ ကျင်းပသည်။ စာမျက်နှာ ၃ သို့ ☆

### ယနေ့ ဖတ်စရာအညွှန်း


စက်တင်ဘာလအတွက် စပိန်လာလီဂါ တစ်လတာအကောင်းဆုံးကစားသမားဆုကို ဘာပေ ဆွတ်ခူး

စာမျက်နှာ ၁၁

– – – – – –

ပုဂံပလတ်စတစ်ကမ်ပိန်းအဖွဲ့သားများ စုပေါင်းပလတ်စတစ်ကောက်ခြင်းများ ဆောင်ရွက်

စာမျက်နှာ ၁၂

– – – – – –

သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)(ဆောင်းပါး)

စာမျက်နှာ ၁၆


## တိုင်ဖွန်းမုန်တိုင်း “မတ်မို” တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးပြည်နယ်ကမ်းရိုးတန်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်

နေပြည်တော် အောက်တိုဘာ ၅

တိုင်ဖွန်းမုန်တိုင်း “မတ်မို” (METMO) အခြေအနေ

ယနေ့မွန်းလွဲ ၃ နာရီခွဲတိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း “မတ်မို” (MATMO)သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်ကို ကျန်ကျမ်းမြို့(Zhanjiang)နှင့် လိမ့်ကျိုးမြို့(Leizhou)အကြားမှ ဖြတ်ကျော်လျက်ရှိသည်။

တိုင်ဖွန်းမုန်တိုင်း “မတ်မို”၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါ တိုင်ဖွန်းမုန်တိုင်း“မတ်မို”သည် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် မြောက်လတ္တီကျု ၂၀ ဒသမ ၈ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၁၁၀ ဒသမ ၅ ဒီဂရီတွင်ရှိပြီး စာမျက်နှာ ၃ သို့ ○



Japan Meteorological Agency (JMA) မှ တိုင်ဖွန်းမုန်တိုင်း “မတ်မို” (MATMO) လမ်းကြောင်းပြပုံ။

၂၀၂၅ ခုနှစ် ၊ အောက်တိုဘာ ၆ ရက်၊ တနင်္လာနေ့။

မန္တလေး

## သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)

ယနေ့သည် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)ဖြစ်သည်။ ဂေါတမဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၉ ခုနှစ်၊ ဝါဆိုလပြည့် ညနေပိုင်းတွင် တာဝတိံသာနတ်ပြည်သို့ ကြွချီတော်မူခဲ့သည်။ မယ်တော်မိနတ်သားအား အဘိဓမ္မာတရားတော်ကို ဟောကြားခြင်းဖြင့် ကျေးဇူးဆပ်ရန်ဖြစ်သည်။ သတ္တပကရဏ်ပါဠိတော်များပြီး မယ်တော်မိနတ်သားနှင့်တကွ နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော်ကိုဟောကြားတော်မူရာ သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးခြင်းသို့ ရောက်တော်မူခဲ့သည်။

မြန်မာတို့၏ ၁၂ လရာသီ ယဉ်ကျေးမှုပွဲတော်များတွင် သီတင်းကျွတ်မီးထွန်းပွဲတော်သည် ဘာသာတရားကို အခြေခံသည့် မွန်မြတ်သော အစဉ်အလာပွဲတော်တစ်ခုဖြစ်သည်။ သီတင်းကျွတ်မီးထွန်းပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၄ ရက်(အဖိတ်နေ့)၊ သီတင်းကျွတ်လပြည့်နေ့နှင့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့အထိ သုံးရက်တိုင်တိုင် ကျင်းပကြလေသည်။ သီတင်းကျွတ်ပွဲတော်ကာလတွင် ဘုရား၊ ကျောင်း၊ ဓမ္မာရုံ၊ တိုက်တာ၊ အိမ်ရာ၊ အဆောက်အအုံများ၌ ဆီမီးထွန်းကြသည်။

သီတင်းကျွတ်လပြည့်နေ့သည် ပြီးခဲ့သည့် ဝါဆိုလပြည့်နေ့မှစ၍ ဝါဆိုဝါကပ်တော်မူခဲ့သော ရဟန်းသံဃာတော်များ ဝါတွင်းသုံးလပြည့်မြောက်ပြီး ဝါထွက်တော်မူသည့်နေ့ဖြစ်သည်။ ရဟန်းသံဃာတော်များ ဝါတွင်းသုံးလ သီတင်းသုံးရာမှ ကျွတ်လွတ်သော ကာလကို ဝါကျွတ်ကာလဟုဆိုသည်။ သီတင်းကျွတ်လပြည့်နေ့သည် ရဟန်းသံဃာတော်များအတွက် ဝါလကင်းလွတ်သောနေ့ ဝေနေယျသတ္တဝါများအတွက် မြတ်စွာဘုရားရှင်ကို ရည်မှန်း၍ မိခင်ကျေးဇူးဆပ်သောနေ့ ဓမ္မဒေသနာအဆီအနှစ် အဘိဓမ္မာတရား စတင်နာကြားရသည့်နေ့ အဘိဓမ္မာအခါတော်နေ့ ဖြစ်သည်။ မြတ်စွာဘုရားရှင် အဘိဓမ္မာတရားဟောကြားပြီး၍ ဝါကျွတ်သောအခါ သိကြားမင်း ဖန်ဆင်းသည့် စောင်းတန်းသုံးသွယ်ဖြင့် လူ့ရွာ သင်္ကဿနဂိုရ်ပြည်သို့ နတ်ဗြဟ္မာအပေါင်းခြံရံလျက် ဆင်းသက်တော်မူသည်။ မင်းနှင့်တကွသော ပြည်သူတို့သည် ဆီမီးတန်ဆောင်ထွန်းညှိကာ မြတ်စွာဘုရားရှင်အား ကြိုဆိုကြလေသည်။ သီတင်းကျွတ်လတွင် သင်္ကဿနဂိုရ်မှ မင်းနှင့်တကွသော ပြည်သူတို့သည် ဆီမီးတန်ဆောင်ထွန်းညှိကာ မြတ်စွာဘုရားရှင်အား ကြိုဆိုကြလေသည်။ ထိုအချိန်ကာလမှစ၍ နှစ်ပေါင်းထောင်ချီ ရှိးရာယဉ်ကျေးမှုအစဉ်အလာမပျက် သီတင်းကျွတ်ကာလတွင် မီးထွန်းပွဲတော်ကျင်းပကြသည်။ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရား ဟောကြားတော်မူခဲ့သည်ကို အကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့မြတ် သတ်မှတ်ကာ ပူဇော်ကြလေသည်။ သီတင်းကျွတ်ကာလသည် မိုးအကုန်ဆောင်းကူးမည့်ကာလဖြစ်၍ ဝန်းကျင်တစ်ခွင် အေးချမ်းနေသည်။ ရာသီဥတုမှာ ကောင်းကင်တစ်ခွင် ကြည်လင်ဝင်းပနေပြီး ထိုအချိန်ကာလတွင် မြတ်စွာဘုရားရှင်အား ရည်မှန်းကာ ဆီမီးပူဇော်ခြင်းသည် ကျက်သရေမင်္ဂလာရှိလှသည်။ ဝါကျွတ်ချိန်ကား မြန်မာလူမျိုးများ၏ စေတနာ၊ သဒ္ဓါတရားအလှ၊ ဖြူစင်သော မနောအလှ၊ ခိုင်မာသော ယဉ်ကျေးမှုအလှများကို ဖော်ကျူးသော အချိန်အခါလည်းဖြစ်သည်။ သီတင်းကျွတ်လတွင် နှစ်သက်ဖွယ်ကောင်းသော မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာတစ်ရပ်ရှိသည်။ တပည့်သားမြေးများက မိဘ၊ ဘိုးဘွား၊ ဆရာသမားများကို ကန်တော့သည့် အစဉ်အလာဖြစ်သည်။ လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရိုကျိုးနှိမ့်ချ မာန်မာနကို ခဝါချသော အစဉ်အလာဖြစ်၍ မင်္ဂလာရှိလှသည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင်များအနေဖြင့် သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ထူးနေ့မြတ်တွင် မြတ်စွာဘုရားရှင် ဟောကြားတော်မူသော အဘိဓမ္မာတရားတော်ကို ရွတ်ဖတ်ခြင်းဖြစ်စေ၊ နာကြားခြင်းဖြစ်စေ မွန်မြတ်ကောင်းမွန်သော ကုသိုလ်အမှုတို့ကို မိသားစုများ ပြုလုပ်ခြင်းဖြင့် ကောင်းသောအကျိုးများ တိုးပွားရရှိနိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပြည်ပသို့ ရာဘာတင်ပို့မှုမှ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၄၈၀ အထိ ရရှိ

**မန္တလေး အောက်တိုဘာ ၅**

ပြည်တွင်း၌ ထွက်ရှိသည့် ရာဘာများကို ပြည်ပဈေးကွက်သို့ တင်ပို့ရာတွင် နှစ်စဉ်အမေရိကန် ဒေါ်လာ သန်း ၄၈၀ အထိ ရရှိနေကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



မြန်မာနိုင်ငံသည် နှစ်စဉ် ရာဘာထုတ်လုပ်နိုင်မှုမှာ တန်ချိန် လေးသိန်းခန့်ရှိပြီး ပြည်ပနိုင်ငံများသို့ ပျမ်းမျှတန်ချိန် တစ်သိန်းကျော် တင်ပို့နိုင်ပြီး ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တန်ချိန်သုံးသိန်းဝန်းကျင်အထိ ပိုမိုတိုးမြှင့်ကာတင်ပို့နိုင်ရန် မျှော်မှန်းထားသည်။

ရာဘာကို တရုတ်နိုင်ငံသို့ (၇၅) ရာခိုင်နှုန်း တင်ပို့နေပြီး စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကိုရီးယားနှင့် ဂျပန် စသည့် နိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

ရာဘာသည် ပြည်တွင်း၌ မွန်ပြည်နယ်တွင် အများဆုံးထွက်ရှိပြီး ဒုတိယအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးနှင့် တတိယအနေဖြင့် ကရင်ပြည်နယ်တို့မှ ထွက်ရှိသည့်အပြင် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း စိုက်ပျိုးလျက်ရှိရာ စုစုပေါင်း စိုက်ပျိုးဧက တစ်သန်းကျော်အနက် ထုတ်လုပ်နိုင်သောဧကသည် ကိုးသိန်းခွဲခန့် ရှိကြောင်း သိရသည်။

(ဝဲပုံ)

**ရွှေမန်း**

## မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**စဉ့်ကိုင် အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့ပူးပေါင်း၍ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂ ရက်က ပေါက်ရွာကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင်က ကျေးရွာနေပြည်သူများသန့်ရှင်းသော သဘာဝပတ်ဝန်းကျင်နှင့် ကောင်းမွန်သော လူနေမှုစနစ်များရရှိစေရန် ကျေးရွာများ၌ ကျေးရွာစွန့်ပစ်အမှိုက်များကန်များ ဆောင်ရွက်ထားပြီး အမှိုက်များ စနစ်တကျစွန့်ပစ်ရေး ကျေးရွာပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ရေး၊ သစ်တောသစ်ပင်များ ကာကွယ်ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဂေဟစနစ်များ ကောင်းမွန်စေရေးအတွက် ပြည်သူများပူးပေါင်းပါဝင် ဆောင်ရွက်ရမည့် မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်ကြူက သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဂေဟစနစ်များ ကောင်းမွန်စေရေးအတွက် ပြည်သူများပူးပေါင်းပါဝင် ဆောင်ရွက်ရမည့် မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။ (ယာပုံ)

ထို့နောက် အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာသည့် ကျေးရွာရပ်မိ၊ ရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆွေးနွေးဟောပြောသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီးအသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အဆိုပါကျေးရွာတွင် အိမ်ခြေ ၉၂ အိမ်၊ လူဦးရေ ၃၇၆ ဦးနေထိုင်ကြပြီး စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ၂၀၂၀-၂၀၂၁ ခုဘဏ္ဍာရေးနှစ်မှစ၍ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင် ပြောသည်။

**အောင်ရဲကျော်**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း မန္တလေးမြို့ရှိ ဆေးဝါးတက္ကသိုလ်နှင့် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

မန္တလေး အောက်တိုဘာ ၅

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့က ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ ဆေးဝါးတက္ကသိုလ် (မန္တလေး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆရာ ဆရာမများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဆေးဝါးဗေဒသင်ကြားရေးဆိုင်ရာကိစ္စရပ်များ စဉ်ဆက်မပြတ်တိုးတက်စေရန်အတွက် လိုအပ်သည်များကို မှာကြားကာ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် Practical ခန်းများ၊ Pharmaceutical Chemistry Lab၊ စာသင်ခန်းများ၊ ဌာနများနှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုပြီး ဆက်လက်ဆောင်ရွက်ရမည့်အချက်များကို မှာကြားသည်။

ဆက်လက်၍ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး)၌ ဝန်ထမ်းများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ပြည်ထောင်စုဝန်ကြီးက ဆေးဘက်ဆိုင်ရာနည်းပညာများအား ခေတ်မီနည်းပညာများနှင့်အညီသင်ကြားနိုင်ရေး၊ နိုင်ငံတကာအဆင့်မီ သင်ကြားရေးအထောက်အကူပြုပစ္စည်းများ အသုံးပြု၍ ဆက်လက်သင်ကြားပေးနိုင်ရေး၊ ပြောင်းလဲတိုးတက်လာသော ဆေးဘက်ဆိုင်ရာနည်းပညာရပ်များအား စဉ်ဆက်မပြတ် လေ့လာပြီး သုတေသနဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်နိုင်ရေး မှာကြားကာ



ငလျင်ဒဏ်ကြောင့် ပျက်စီးထိခိုက်သွားသော အဆောက်အအုံများ ပြင်ဆင်နေမှုကို စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



☆ ရှေ့ဖုံးမှ

အခမ်းအနားကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်တိုးမြင့်ကျော်၊ ဗိုလ်မှူးချုပ် မင်းနိုင်ဝင်း၊ ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်၊ ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးအောင်သူ၊ ကျောက်ဆည်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်၊ ကျောက်ဆည်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ အငြိမ်းစား ဗိုလ်မှူးကြီးမျိုးမြင့်၊ မြို့မိမြို့ဖ ဦးကျော်ထူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲဝင်ဆင်များက အောင်စေ၊ ပိုင်စေသီချင်းဖြင့်ညွှန့်ခံဖျော်ဖြေခဲ့ပြီး ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ညွှန့်သည်တော်များအား ဆင်အကအလှပြိုင်ပွဲအမှတ်တရ လက်ဆောင်များပေးအပ်ခဲ့ပြီး ပြိုင်ပွဲဝင်ဆင်များက မြန်မာပြည်သားသီချင်းဖြင့် သီဆိုကပြကာ ဆင်ပြိုင်ကွင်းမှ ပြန်လည်ထွက်ခွာခဲ့ပြီး ဇော်ဂျီမောင် ညွှန့်ခံဆင်အဖွဲ့က ဆင်အကအလှ စွမ်းရည်များဖြင့် ညွှန့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။

ထို့နောက် ဆင်အကအလှပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ညွှန့်ခံဆင်တစ်စီး၊ ဂုဏ်ပြုဆင်နှစ်စီး၊ သက်ကြီးဆင်လေးစီး၊ ပြိုင်ပွဲဝင်ဆင် ၁၄ စီး၊ မြို့မဈေးပတ်ဆင် ၆၂ စီး စုစုပေါင်း ၈၃ စီး ပါဝင်ကြောင်းနှင့် ပြိုင်ပွဲများပြုလုပ်ရာ၌ ရိုးရာ(လူကြီးဆင်)၊ ရိုးရာ(ကလေးဆင်)၊ ဘော်ကြယ်ဆင်၊ သဘာဝတီထွင်ဆန်းသစ်မှုဆင် စသည့်ပြိုင်ပွဲလေးမျိုးကျင်းပခဲ့ပြီး ပြိုင်ပွဲများအလိုက် ဆုရရှိခဲ့သည့် ဆင်များအား ဂုဏ်ပြုဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)


○ တိုင်ဖွန်းမုန်တိုင်းမှ

ဗဟိုချက်လေဖိအား ၉၇၅ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၇၅ မိုင်နှုန်းခန့်ဖြစ်သည်။

**နောက် ၁၈ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ တိုင်ဖွန်းမုန်တိုင်း “မတ်မို” သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၁၈ နာရီအတွင်း အားကောင်းသောအပူပိုင်းမုန်တိုင်း“မတ်မို” အဖြစ်သို့ အားလျော့သွားနိုင်ကာ တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးပြည်နယ် ကမ်းရိုးတန်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ




ASEAN-COCI

## နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

နေပြည်တော် အောက်တိုဘာ ၅

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ (ASEAN-COCI) တည်ထောင်ခြင်း နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့်ပြိုင်ပွဲဝင်များအနေဖြင့် ယှဉ်ပြိုင်မည့်ဓာတ်ပုံများကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၉ ရက် နောက်ဆုံးထား၍ https://forms.gle/TWtjdqk81vqAGVbc7 မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲနှင့်ပတ်သက်သည့် သတ်မှတ်ချက်များကို https://asean.org/call-for-submissions-asean-coci-2025-jubilee-photo-competition-2 တွင် အသေးစိတ်ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းနှင့် ပြိုင်ပွဲတွင်ဆုရရှိသူများအား အမေရိကန်ဒေါ်လာ ပထမဆု ၁၀၀၀၊ ဒုတိယဆု ၇၅၀ နှင့် တတိယဆု ၂၅၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မင့်စ်မြို့၌ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ



နေပြည်တော် အောက်တိုဘာ ၅

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝါဝါမောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ကျင်းပသည့် မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးနှင့် ဘယ်လာရုစ် နိုင်ငံတကာ စက်မှုပြပွဲ (International Industrial Exhibition “INNOPROM. Belarus”) သို့ တက်ရောက်ခဲ့သည်။

ကျင်းပ

မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို အောက်တိုဘာ ၂ ရက်တွင် ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် ဘယ်လာရုစ်သမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မက်ဆင်း ရှုဇန်ကော့ဗ်တို့က ဦးဆောင်ကျင်းပခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များ မတ်လအတွင်းတွေ့ဆုံစဉ် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် စာချုပ်စာတမ်းများ အကောင်အထည်ဖော်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ လက်မှတ်ရေးထိုးပြီးဖြစ်သည့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ ရည်ရွယ်သည့်စာလွှာကို အခြေခံ၍ရေးဆွဲလျက်ရှိသည့် လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) အပြီးသတ် ရေးဆွဲရေးကိစ္စရပ်များကို လည်းကောင်း အသေးစိတ် ဆွေးနွေးခဲ့သည်။

ဆက်လက်၍ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် အဆိုပါစာချုပ်စာတမ်းများနှင့် လမ်းပြမြေပုံတို့တွင် ပါဝင်သည့်ကဏ္ဍများဖြစ်သော စက်မှု၊ စိုက်ပျိုးရေးနှင့် အစားအစာ၊ ကျန်းမာရေးနှင့် ဆေးဝါး၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေး၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု အလားအလာများနှင့် အခွင့်အလမ်းများကို ကဏ္ဍအလိုက် အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးမှုအပြီးတွင် ပူးတွဲဥက္ကဋ္ဌများက ဒုတိယအကြိမ် ပူးတွဲကော်မတီ အစည်းအဝေး၏ ဆွေးနွေးမှုမှတ်တမ်းကို အတည်ပြုလဲလှယ်ခဲ့ကြပြီး ကော်မတီအစည်းအဝေးကျင်းပခြင်းနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်တို့သည် စက်တင်ဘာ ၂၉ ရက်တွင် ကျင်းပသည့် ကုန်သွယ်ရေးပြပွဲအစီအစဉ်၊ မျက်နှာစုံညီအစည်းအဝေးနှင့် အထူးညှိသည်တော်များအား ညှိခံပွဲတို့သို့ တက်ရောက်ခဲ့သည်။

မျက်နှာစုံညီအစည်းအဝေးသို့ ဘယ်လာရုစ်၊ ရုရှား၊ အဇာဘိုင်ဂျန်၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ ဥဇဘက်ကစ်စတန်နှင့် တာဂျစ်ကစ်စတန်နိုင်ငံတို့မှ ဝန်ကြီးချုပ်များ တက်ရောက်၍ မိန့်ခွန်းများ ပြောကြားခဲ့ကြသည်။ မျက်နှာစုံညီအစည်းအဝေးသို့ ဥရောပ-အာရှ စီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများမှ ထိပ်တန်းစီးပွားရေးအမှုဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ် နိုင်ငံတကာစက်မှုပြပွဲသို့ တက်ရောက်၍ ဘယ်လာရုစ်နိုင်ငံ၏ စက်မှုလုပ်ငန်းဆိုင်ရာ ဆန်းသစ်တီထွင်မှုများ၊ နည်းပညာမြင့်ထုတ်ကုန်များ၊ ခေတ်မီနည်းပညာများနှင့် စက်ယန္တရားများ ခင်းကျင်းပြသမှုများကို လေ့လာကြည့်ရှု၍ သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မင့်စ်မြို့သို့ ရောက်ရှိနေစဉ်ကာလအတွင်း စက်တင်ဘာ ၃၀ ရက်က ဘယ်လာရုစ်သမ္မတနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာအလီယက်စန်ဒါ ခါဂျာရက်ဗ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဒန်းနစ်ဘာခေနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား စက်မှုနှင့် လယ်ယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကိုလည်းကောင်း သီးခြားစီဆွေးနွေးခဲ့သည်။

ယင်းအပြင် ပြည်ထောင်စုဝန်ကြီးသည် မင့်စ်မြို့ရှိ နို့နှင့် နို့ထွက်ပစ္စည်းစက်ရုံသို့ သွားရောက်၍ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု၊ အရည်အသွေးထိန်းသိမ်းမှုနှင့် ဘေးကင်းလုံခြုံရေး စီမံဆောင်ရွက်မှုများကို လည်းကောင်း၊ မင့်စ်မော်တော်ယာဉ်ထုတ်လုပ်ရေး စက်ရုံသို့ သွားရောက်၍ မော်တော်ယာဉ်၊ လူနာတင်ကားများ၊ ရွှေ့လျားဆေးကုသသည့် မော်တော်ယာဉ်များ၊ မီးသတ်ကားများ ထုတ်လုပ်နေမှုများနှင့် အရည်အသွေးစမ်းသပ်စစ်ဆေးမှုများကို လည်းကောင်း လေ့လာကြည့်ရှုခဲ့ရာ စက်ရုံအသီးသီးမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်လမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အလားတူ မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ မြန်မာဘက်မှ ကော်မတီအဖွဲ့ဝင်များသည် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အလိုက် ဆွေးနွေးမှုများနှင့် လေ့လာမှုများကို ဆောင်ရွက်ခဲ့ကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် အစားအစာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စိုက်ပျိုးရေးနှင့် အစားအစာကဏ္ဍဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကို တွဲဖက်ဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်၍ နှစ်နိုင်ငံအကြား စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ နှစ်နိုင်ငံ သုတေသနအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာနှင့် အတွေ့အကြုံများ ဖလှယ်ရေးကိစ္စရပ်များကိုလည်းကောင်း၊ ကျန်းမာရေး ဝန်ကြီးဌာနမှ ကိုယ်စားလှယ်သည် Advin CJSC စက်ရုံနှင့် Belmedpreparaty ဆေးဝါးထုတ်လုပ်သည့် စက်ရုံတို့သို့ သွားရောက်၍ စက်ပစ္စည်း ပုံရိပ်ဖော်စက်များ၏ နည်းပညာဆန်းသစ်ထုတ်လုပ်မှုများနှင့် ဆေးဝါးထုတ်လုပ်နေမှုများကို လေ့လာခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကိုယ်စားလှယ်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားဘဏ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှု ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးခြင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များသည် ဘယ်လာရုစ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် ကျင်းပသည့် မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးနှင့် ဘယ်လာရုစ် နိုင်ငံတကာ စက်မှုပြပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၇ ရက်တွင် မြန်မာနိုင်ငံမှ ထွက်ခွာခဲ့ပြီး အောက်တိုဘာ ၄ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိခဲ့သည်။

သတင်းစဉ်

## ကသာမြို့တွင် သီတင်းကျွတ်ကာလ ရောင်စုံမီးပုံးများ ရက်လုပ်သူများလာ



ကသာ အောက်တိုဘာ ၅

ကသာမြို့တွင် မီးထွန်းပူဇော်သူများပြားနိုင်မည်ကို မျှော်လင့်ကာ သီတင်းကျွတ်ကာလ နေအိမ်များတွင် အလှဆင်သည့် ရောင်စုံ မီးပုံးများ ဝယ်ယူသုံးစွဲနိုင်ရေး ရက်လုပ်သူများပြားလာကြောင်း သိရသည်။

"ဝါး၊ နီး၊ကာလာပလတ်စတစ် ကော်ဘူး၊ စက္ကူကပ် အသင့် ချိတ်ဆွဲနိုင်တဲ့ ကြိုးဝယ်ပြီး တစ်နေကုန် ခါး၊ ဒူး၊ ခြေထောက် ညောင်းကိုက်အောင်လုပ်ရတာပါ။ အခုအရေအတွက် များများမလုပ်နိုင်ဘူး။ လက်အရမ်းဝင်ပါတယ်။ အမြင်လွယ်ပေမယ့် လုပ်ရတာ လက်ဝင်လှပါတယ်။ သီတင်းကျွတ်ကာလမှာ နေအိမ်အများစုက အလှဆင်ဖယောင်းတိုင်မီးထည့်ထွန်းကြတာများ လာနိုင်လို့ ဖယောင်းတိုင်လုပ်ရောင်းသူတွေလည်း ရောင်းအားကောင်းလာနိုင်တယ်။ အရင်နှစ်က ဟိုဘက်အိမ် ဒီဘက်အိမ် ရောင်စုံ မီးထွန်းကြ၊ မီးပုံးပျံတွေ လွှတ်ကြ၊ ဇရာဝတီမြစ်ထဲ မီးပုံးတွေထောင် ချီလွှတ်ပြီး ဆုတောင်းလွှတ်ကြတာတွေ ပြုလုပ်ခဲ့ကြတယ်။ ဒီနှစ်လည်း သီတင်းကျွတ်လပြည့်နေ့ည မြစ်ထဲမှာ မီးပုံးပျံတွေ လွှတ်လေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ လုပ်နေကြတာပါ"ဟု ရောင်စုံမီးပုံးအိမ် ရက်လုပ်သူက ပြောသည်။ (ယာပုံ)

ကသာမြို့တွင် ရောင်စုံမီးပုံးတစ်ပုံးလျှင် ငွေကျပ် ၁၅၀၀၀ ရောင်းချကြပြီး ကလေးငယ်များအကြိုက်တွေ့စေမည့် မော်တော်ကားပုံ၊ သင်္ဘောပုံ၊ ဘီးလုံးများတပ်ဆင်ထားသော ရောင်စုံမီးပုံးများ အမျိုးမျိုးပြုလုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။ (၃၉၄)

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၈၃ ရက်

သာ လိုတော့သည်။

## မဲစာရင်းတွင်အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

- မဲဆန္ဒရှင်တစ်ဦးသည် မိမိ၏အိမ်ထောင်စုလူဦးရေစာရင်း၊ ပုံစံ (၆၆/၆) ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု မဲစာရင်းတွင်သာ မိမိ၏အမည် ပါဝင်မည်ဖြစ်သည်၊
- မဲစာရင်းများကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုပြီး မဲစာရင်း၌ မိမိအမည် ပါဝင်ခြင်း မရှိလျှင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြား အချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ (၄) ဖြင့်လည်းကောင်း၊ မဲစာရင်းပါ အချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာ ပုံစံ(၄-က)ဖြင့်လည်းကောင်း မဲစာရင်းထုတ်ပြန် ကြေညာသည့်နေ့မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိ နေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ရှိသည့် မဲဆန္ဒနယ်တွင်သာ မဲပေးရမည်။ အခြား မဲဆန္ဒနယ်၏ မဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏အမည် ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ရှိသည့် ရပ်/ကျေးတွင်သာ မဲပေးရမည်။ အခြား ရပ်/ကျေးမဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ်ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည် မပါလျှင် ပုံစံ(၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က) ဖြင့်လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## သီတင်းကျွတ်အခါရာသီနှင့် မြန်မာတို့၏နှလုံးသားအလှအကြောင်း (Talk Show) ကျင်းပ




**တောင်တွင်းကြီး အောက်တိုဘာ ၅**

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်တို့အတွက် နေ့ထူးနေ့မြတ်နေ့တစ်နေ့ဖြစ်ပြီး သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပခြင်း၊ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများအား ပူဇော်ကန်တော့ခြင်းနှင့် ပွဲလမ်းသဘင်များ ဆင်ယင်ကျင်းပကြကာ သီတင်းကျွတ်လပြည့်နေ့၏ ထူးကဲမွန်မြတ်သည့် အနှစ်သာရနှင့် ဂုဏ်ထူးဝိသေသများကို သိရှိနားလည်စေရန်အတွက် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် သီတင်းကျွတ်အခါရာသီနှင့် မြန်မာတို့၏ နှလုံးသားအလှအကြောင်း အသိပညာပေးဆွေးနွေးပွဲ (Talk Show)ကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်နှင့် ရုပ်သံကျွမ်းကျင်(၃) ဒေါ်မိုင်စန်းသီတာဌေးတို့က သီတင်းကျွတ်လအကြောင်း၊ မြန်မာ့တစ်ဆယ့်နှစ်လရာသီပွဲတော်များအကြောင်း၊ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၏ ထူးခြားသော ဂုဏ်ထူးဝိသေသများ၊ အဘိဓမ္မာအခါတော်နေ့အဖြစ် သတ်မှတ်ခဲ့မှုများ၊ သီတင်းကျွတ်မီးထွန်းပွဲတော်ဖြစ်ပေါ်လာပုံများအား ဆွေးနွေးခဲ့ကြသည်။ (ဓါပုံ)

ဗုဒ္ဓဘာသာဝင်တို့အတွက် နေ့ထူးနေ့မြတ်နေ့တစ်နေ့ဖြစ်သည့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)အဖြစ် သီတင်းကျွတ်အခါရာသီနှင့် မြန်မာတို့၏ နှလုံးသားအလှအကြောင်းအသိပညာပေးဆွေးနွေးပွဲ (Talk Show)ကို ပြည်သူများ အသိပညာဗဟုသုတရရှိစေရန်အတွက် တောင်တွင်းကြီးမြို့နယ်ပြည်သူ့စာကြည့်တိုက် Page တွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**

## (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၅

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၊ လေ့ကျင့်ရေး ဇာတ်ရုံနှင့် နေပြည်တော် မြို့တော်ခန်းမ လေဟာပြင်ဇာတ်ရုံတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီတွင် MICC -I ၌ ကျင်းပမည်ဖြစ်ရာ ထိုသို့ ကျင်းပပုံများကို နံနက် ၈ နာရီ ၄၅ မိနစ် မှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV – HD၊ MRTV – Entertainment၊ MRTV – Parliament၊ MRTV – NRC၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလိုင်းများဖြစ်သော Channel 9၊ Up to Date နှင့် Readers' Channel တို့အပြင် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသော MWD–HD Channel၊ MWD Variety – HD Channel တို့မှ လည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက် (LIVE) ထုတ်လွှင့်မည်ဖြစ်သည်။

**သတင်းစဉ်**

## စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပြိုင်ပွဲများကျင်းပနိုင်ရေး (ဒုတိယ)အကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနတွင် ယနေ့နံနက် ၁၀ နာရီက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပြိုင်ပွဲများ ကျင်းပနိုင်ရေး (ဒုတိယ) အကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

ဦးစွာ ကျောက်ဆည်မြို့နယ် စာရေးဆရာအသင်း နာယက ဦးကျော်သန်း (မောင်ခိုင်ကျော်) ကျောက်ဆည်က စာရေးဆရာ အသင်းဝင်များအနေဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပါဝင်ဆောင်ရွက်သွားမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ပြီး နာယက ဦးစိုးမြင့်ဒွဏ်းက ပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်စည်းကမ်းများ စနစ်တကျဆောင်ရွက်နိုင်ရေးနှင့် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကြီးတွင် ပါဝင်ထည့်သွင်းသွားမည့် အဓိကပြိုင်ပွဲ (၇)မျိုးအကြောင်း၊ မြို့နယ်စာရေးဆရာများအသင်းဥက္ကဋ္ဌ စာရေးဆရာမ ချောယဉ်မင်းက ပြိုင်ပွဲများအလိုက် အမှတ်ပေးဒိုင်များ အတည်ပြုဖွဲ့စည်းနိုင်ရေး အသီးသီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာသည့် မြို့နယ်စာရေးဆရာအသင်းဝင်များက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကြီး အောင်မြင်စွာဖြင့် စည်ကားသိုက်မြိုက်ရေး၊ ကျောက်ဆည်၊ စဥ့်ကိုင်၊ မြစ်သား မြို့နယ်များမှ အခြေခံပညာ ကျောင်းများအားလုံးပါဝင်နိုင်ရေး ပူးပေါင်းဆွေးနွေးခဲ့ကြောင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကြီးကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

၀-၀-၀-၀-၀

၀-၀-၀

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်






**မန္တလေး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပညာရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ဆရာမများ၊ ဘုန်းတော်ကြီးသင်ကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တည်ထောင်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက မြတ်ဆရာသီချင်းဖြင့် သီဆိုဂုဏ်ပြု၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

အခမ်းအနား၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားပြီးနောက် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့(၅)ဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို တိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက ဖတ်ကြားသည်။

ငင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲတို့မှ အထက်တန်းဆင့်၊ အလယ်တန်းဆင့်တို့တွင် ဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ပြုသီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်

**မန္တလေး အောက်တိုဘာ ၅**

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်) ပြိုင်ပွဲဝင်ရန် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူနည်းပြများ၊ ကြီးကြပ်သူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် မန္တလေးမြို့မှ နေပြည်တော်သို့ထွက်ခွာသွားကြရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ခဲ့ကြသည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်ရာ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့၊ တာဝန်ရှိသူများသည် စုရပ်ဖြစ်သော အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံရှေ့တွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များအနေဖြင့် ကျန်းမာရေးကို အထူးဂရုစိုက်သွားရန်၊ လေ့ကျင့်ထားမှုများနှင့် အတွေ့အကြုံများကိုပေါင်းစပ်၍ တိုင်းဒေသကြီးဂုဏ်ဆောင်နိုင်သူများဖြစ်စေလိုပါကြောင်း ပြောကြား၍ အုပ်ချုပ်သူနည်းပြများနှင့် ကြီးကြပ်သူများကို လိုအပ်သည်များမှာကြားကာ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**




၀-၀-၀-၀-၀

# မြန်မာ့ရိုးရာခြင်းခတ်ကစားယဉ်ကျေးမှု တိမ်ကောပပျောက်မှုမရှိစေရေး ခြင်းလုံးအလှခတ်ပွဲ ကျင်းပ

**ပခုက္ကူ အောက်တိုဘာ ၅**

မြန်မာ့ရိုးရာခြင်းခတ်အားကစားယဉ်ကျေးမှုတိမ်ကောပပျောက်မှုမရှိစေရေးနှင့် မျိုးဆက်သစ်လူငယ်များ လက်ဆင့်ကမ်းထိန်းသိမ်းနိုင်စေရေး ရည်ရွယ်၍ ယနေ့နံနက် ၈ နာရီက ပခုက္ကူမြို့ ရှေးဟောင်းသမိုင်းဝင် သီဟိုဠ်ရှင်မြတ်စွာဘုရားကြီးဝင်းအတွင်း၌ သီတင်းကျွတ်မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် ခြင်းလုံးအလှခတ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူမြို့ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးစိုးမြင့်က ခြင်းလုံးအလှခတ်ပွဲ ကျင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားပြီး ပခုက္ကူမြို့နယ် ခြင်းလုံးအားကစားဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးဘိုမြင့်က ခြင်းလုံးအလှခတ်ပွဲ စည်းမျဉ်းစည်းကမ်းများနှင့် ပွဲစဉ်အစီအစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သီတင်းကျွတ်မီးထွန်းပွဲတော်အထိမ်းအမှတ် ခြင်းလုံးအလှခတ်ပွဲပါဝင်မည့် အားကစားအသင်းအလိုက် မဲနှိုက်ကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုခြင်းအလှခတ်ကစားနည်းများဖြစ်သော ဒူး၊ ခြေဖျား၊ ခြေဖမိုး၊ ခြေဖဝါး၊ ခြေဖနောင့်၊ ခြေခွင်၊ ခြေစောင်း၊ ပခုံး၊ ခေါင်း၊ ကျောကုန်း၊ တံတောင်၊ ရိုးရိုးဒူး၊ နှစ်ထပ်ဒူး၊ ဝိုက်ဒူး၊ မဟာဒူး၊ စလွယ်ခြင်း၊ ဝိုက်ခြင်း၊ ရှပ်ခြေထိုးခြင်း စသည့်အမှတ်အသားများဖြင့် အဖွဲ့လိုက် ခြင်းအလှခတ်ကစားကြသည်။

အဆိုပါ ခြင်းအလှခတ်ပွဲတွင် မြန်မာ့ဂုဏ်ဆောင် တစ်ပင်တိုင်မင်းသမီးလေး ခြင်းလိပ်ပြာနန္ဒာဝင်း၊ ခြင်းမင်းသား၊ မင်းသမီးများဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီးမှ အောင်မင်းထွေး၊ မန္တလေးတိုင်းဒေသကြီးမှ မိုးထက်မြင့်၊ မျိုးဆက်သာနှင့် စိုးဝေနင်း၊ မကွေးတိုင်းဒေသကြီးမှ ကိုရှိန်း၊ တင်တင်လင်း၊ အောင်သူဘိုတို့ပါဝင်သည့်အပြင် ပခုက္ကူမြို့နယ်မှ ခြင်းအလှခတ်အားကစားသမားခြောက်ဦးစီပါဝင်သော အားကစားအဖွဲ့ ၁၂ဖွဲ့ပါဝင်ကြောင်း၊ ပွဲစဉ်အနေဖြင့် သီတင်းကျွတ်လဆန်း ၁၃ ရက်မှ ၁၄ ရက်နေ့ အထိဖြစ်ပြီး မြန်မာ့ရိုးရာခြင်းခတ်အားကစားယဉ်ကျေးမှုတိမ်ကောပပျောက်မှု မရှိစေရေးနှင့် မြန်မာ့ရိုးရာ ဝိုင်းခြင်း(သို့မဟုတ်)ခြင်းအလှ ခတ်ကစားခြင်းကို မျိုးဆက်သစ်လူငယ်များအနေဖြင့် လက်ဆင့်ကမ်းထိန်းသိမ်းနိုင်စေရေးရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း၊ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးပြည်သူများ ကြည်ညိုသဒ္ဓါပွားများနိုင်စေရန် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆွမ်းလုံးတော်ကြီးတင်လှူပွဲ၊ ဆီမီး ၁၀၀၀၊ ပန်း ၁၀၀၀ ထွန်းညှိပူဇော်ပွဲတို့ကိုကျင်းပသွားမည်ဖြစ်ကြောင်း ဘုရားကြီး၏ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌက ပြောသည်။

**(၃၄၀)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံချစ်ကြည်ရေး တေးဂီတဖျော်ဖြေပွဲအခမ်းအနားသို့ တက်ရောက်






**မန္တလေး အောက်တိုဘာ ၅**

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ ချစ်ကြည်ရေး ဘယ်လာရုစ်သမ္မတနိုင်ငံမှ တေးဂီတပညာရှင် Mr. Vtadimir Sukolinsky ဦးဆောင်သော ဘယ်လာရုစ် တေးဂီတအဖွဲ့ ဂီတဖျော်ဖြေပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များနှင့် အနုပညာဝါသနာရှင်များ တက်ရောက်အားပေးကြည့်ရှုခဲ့ကြသည်။

အခမ်းအနား၌ တေးဂီတအဖွဲ့ ဦးဆောင်သူ တေးဂီတပညာရှင် Mr. Vtadimir Sukolinsky က မိတ်ဆက်စကားနှင့် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ ချစ်ကြည်ရေး တေးဂီတဖျော်ဖြေပွဲ ကျင်းပရခြင်းတို့ကို ပြောကြားပြီးနောက် တေးဂီတပညာရှင် Ms.Nadezhda Bryleva (Folk Singer)၊ Ms. Anzhelika Zaitseva (Folk Singer)၊ Mr. Danila Kisiev (Manager of the Ensemble) ပါဝင်သည့် တေးဂီတအဖွဲ့မှ ရုရှား၊ ဘယ်လာရုစ် ရိုးရာတေးသီချင်းများ၊ ကာလပေါ်သီချင်းများ၊ မြန်မာ-ရုရှား နှစ်ဘာသာ သီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြပြီးနောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မြန်မာ့ယဉ်ကျေးမှု အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးက ဘယ်လာရုစ် တေးဂီတအဖွဲ့အား ဂုဏ်ပြုပန်းခြင်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ အဆို၊ အကအဖွဲ့အား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုငွေများကိုလည်းကောင်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**



## ပွင့်ဖြူမြို့နယ် မုန်းမြင့်ကျေးရွာ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**ပွင့်ဖြူ အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသတွင်း ရာသီဥတုဂေဟစနစ်များ ကောင်းမွန်စေရန်နှင့် ဒေသခံပြည်သူများအတွက် ကျန်းမာသန့်ရှင်းပြီး ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင်ကောင်း ဖန်တီးပေးနိုင်ရန်အတွက် ရည်ရွယ်၍ အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက မုန်းမြင့်ကျေးရွာ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

(အပေါ်ပုံ)

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်က မီးခိုးမြူငွေ့အန္တရာယ်နှင့် ပတ်သက်၍ ကြုံတွေ့ရမည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ မဖြစ်ပေါ်စေရေး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးဇူလှိုင်က သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ ပြည်သူများ ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်များကို ဆွေးနွေးဟောပြောကာ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိမိလွင်က ရာသီဥတုပြောင်းလဲမှု ဂေဟစနစ်များ ကောင်းမွန်စေရေးအတွက် မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများက တက်ရောက်လာသည့် ကျေးရွာနေပြည်သူများကို မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို လိုက်လံဖြန့်ဝေခြင်းနှင့် ကျေးရွာဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ပွင့်ဖြူမြို့နယ် မုန်းမြင့်ကျေးရွာမှ ဒေသခံပြည်သူ ၁၃၀ ဦးခန့် တက်ရောက်ဆွေးနွေးခဲ့ကြောင်း ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။ (၄၄၅)

## (၃၆)ကြိမ်မြောက် တိုင်းရင်းဆေးသိပ္ပံမူလဆရာကြီးများ အာစရိယပူဇော်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၅**

၂၀၂၅ ခုနှစ်၊ (၃၆)ကြိမ်မြောက် တိုင်းရင်းဆေးသိပ္ပံမူလဆရာကြီးများ အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်ရပ်ကွက်၊ ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အာစရိယပူဇော်ပွဲအခမ်းအနားသို့ ကန်တော့ခံတိုင်းရင်းဆေးသိပ္ပံ မူလဆရာကြီးများဖြစ်သော ဒေါက်တာအောင်နိုင်၊ ဆရာကြီး ဦးမြင့်လွင်၊ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်း၊ ဒုတိယပါမောက္ခချုပ်(သင်ကြား)ပါမောက္ခ ဌေးလွင်၊ တိုင်းရင်းဆေးပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးသာဝင်း၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ညိုစံလတ်နှင့် ဝန်ထမ်းများ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံမှူး ဦးသန်းထွန်းအောင်နှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဆရာကြီး ဦးမြင့်ဦး၊ ဒုတိယဥက္ကဋ္ဌ ဆရာကြီးဦးအောင်ထပ်၊ ခုတင်(၁၀၀)ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံ ဆေးရုံအုပ်ကြီး ဒေါ်မိုးသီတာဝင်း၊ ဒုတိယဆေးရုံအုပ်ကြီး ဒေါ်သိန်းထိုက်နှင့် တိုင်းရင်းဆေးမှူး၊ ဒုတိယတိုင်းရင်းဆေးမှူး၊ လက်ထောက်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးတင်ဝင်းနိုင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ တိုင်းရင်းဆေးသိပ္ပံ ကျောင်းသားဟောင်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် တက်ရောက်လာသူများက တိုင်းရင်းဆေး နဝရတ်ကတိသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး မူလဆရာကြီးများဖြစ်သော ဆရာကြီး ဦးမြင့်လွင် ဒေါက်တာအောင်နိုင်တို့ထံ ကန်တော့ပွဲအပ်နှံခြင်း ပူဇော်ကန်တော့ငွေကျပ် ၃၈ သိန်းနှင့် ကန်တော့ပစ္စည်းများ ပေးအပ်ခြင်းများ ပြုလုပ်ကြသည်။

ထို့နောက် မူလဆရာကြီးများအား ဆရာဦးကျော်ကျော်ဦးက ကန်တော့ချိုးကို တိုင်ပေး၍ ပူဇော်ကန်တော့ခြင်း၊ ဆရာဦးဇော်နိုင်က ရတုဖြင့် ဂုဏ်ပြုပူဇော်ခြင်းများပြုလုပ်ကြပြီး မူလဆရာကြီးများက ဆုပေးစကား အသီးသီး ပြောကြားကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကျောင်းသားဟောင်း ဆရာဦးစန်းလွင် တိုင်းဦးစီးမှူး(ငြိမ်း)က ပူဇော်ကန်တော့ပွဲ၏ ရ၊ သုံး ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး ဆရာကြီး ဦးမြင့်လွင်က တက်ရောက်လာသူအပေါင်းအား မုန့်၊ အချိုရည်တို့ဖြင့် ဒါနပြုကျွေးမွေးခဲ့ကြောင်း သိရသည်။

**ကျော်မင်းသော်**

ပန်းမန်သစ်ပင်၊
လေသန့်စင်၍၊
ဥယျာဉ်တောတန်း၊
စိတ်ရွှင်လန်း၏။

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အောက်တိုဘာ ၂၇ ရက်တွင် ဂျပန်နိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်မည်

ဝါရှင်တန် အောက်တိုဘာ ၅

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယခုလနှောင်းပိုင်းတွင် ဂျပန်နိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်ရန် စီစဉ်နေကြောင်း ဂျပန်နှင့် အမေရိကန်သတင်းရင်းမြစ်များက ယနေ့ ပြောသည်။

တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ မတက်ရောက်မီ ဂျပန်နိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်နိုင်ဖွယ်ရှိကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားသည်။

အောက်တိုဘာ ၂၇ ရက်မှစတင်၍ ဂျပန်နိုင်ငံသို့ သုံးရက်ကြာ သွားရောက်လည်ပတ်မည့် ဒေါ်နယ်ထရမ့်၏အစီအစဉ်များကို အဓိကထား ဆောင်ရွက်လျက်ရှိကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားသည်။

သမ္မတ ထရမ့်က ဂျပန်ဝန်ကြီးချုပ် အီရှီဘာနေရာတွင် ဆက်ခံမည့် ဝန်ကြီးချုပ်သစ်နှင့် နှစ်နိုင်ငံရေးရာကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရင်းမြစ်များက ဆိုသည်။

အောက်တိုဘာ ၂၈ ရက်တွင် တိုကျိုမြို့တော်အနီး ယိုကိုဆူကာမြို့ရှိ အမေရိကန်ရေတပ်အခြေစိုက်စခန်းအား သမ္မတ ထရမ့်က လာရောက်စစ်ဆေးမည်ဖြစ်သည့်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြောင်းလည်း သိရသည်။

ထရမ့်က ၎င်း၏ပထမသက်တမ်းအတွင်း ၂၀၁၉ ခုနှစ် မေလတွင် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့စဉ်က ရေတပ်အခြေစိုက်စခန်းသို့လည်း သွားရောက်ခဲ့ပြီး ထိုနေရာတွင် ကျောက်ချရပ်နားထားသည့် ကုန်းရေနှစ်သွယ် ချေမှုန်းရေးသင်္ဘောပေါ်တွင် မိန့်ခွန်းပြောခဲ့သည်။

အမေရိကန်ရေတပ်အခြေစိုက်စခန်းကို သွားရောက်စစ်ဆေးခြင်းဖြင့် ဂျပန်-အမေရိကန် မဟာမိတ်၏ အရေးပါမှုကို အလေးပေးဖော်ပြရာရောက်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ပြောကြားသည်။



ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

### မတ်မိုတိုင်ပွန်းမုန်တိုင်း လေတိုက်နှုန်းပိုမိုပြင်းထန်လာလျက်ရှိ တရုတ်တောင်ပိုင်း ဂွမ်ဒေါင်းပြည်နယ်၌ ဘေးလွတ်ရာ ရွှေ့ပြောင်း

ပေကျင်း အောက်တိုဘာ ၅

မတ်မိုတိုင်ဖွန်းမုန်တိုင်းသည် လေတိုက်နှုန်းပိုမိုပြင်းထန်လာပြီး တရုတ်နိုင်ငံသို့ အောက်တိုဘာ ၅ ရက်တွင် ကုန်းတွင်းသို့ ဝင် ရောက်မည်ဖြစ်ရာ အစိုးရက တောင်ပိုင်း ဂွမ်ဒေါင်းပြည်နယ်မှ လူပေါင်း ၁၅၀၀၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံ အမျိုးသားမိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ ယင်းမုန်တိုင်းသည် နံနက်ပိုင်းတွင် အမြင့်ဆုံး လေတိုက်နှုန်း တစ်နာရီလျှင် ၁၅၁ ကီလိုမီတာအထိရှိကာ မွန်းတည့်ချိန်ခန့်တွင် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်မည်ဟု ခန့်မှန်းထားသည်။

မိုးလေဝသအာဏာပိုင်များက ၎င်းတို့၏စနစ်တွင် အမြင့်ဆုံးအဆင့်ဖြစ်သော အနီရောင်အဆင့် တိုင်ဖွန်းသတိပေးချက်ကို ထုတ်ပြန်ခဲ့သည်။

မုန်တိုင်း၏ လမ်းကြောင်းတွင် ရှိနေသည့် ဟိုင်နန်ပြည်နယ်သည်လည်း မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်မှုများအဖြစ် အောက်တိုဘာ ၄ ရက်မှစ၍ လေယာဉ်ခရီးစဉ်များကို ဖျက်သိမ်းခဲ့ပြီး အများပြည်သူသယ်ယူ ပို့ဆောင်ရေးနှင့် စီးပွားရေးလုပ်ငန်းများကို ပိတ်သိမ်းခဲ့သည်။

ဂွမ်ဒေါင်းပြည်နယ်၏ အနောက်တောင်ပိုင်းဒေသများသို့ မုန်တိုင်းဝင်ရောက်မည်ဖြစ်ရာ ဒေသတွင်းကယ်ဆယ်ရေးအဖွဲ့များက လူပေါင်း ၁၅၁၀၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။

အာဏာပိုင်များက ဒေသအချို့တွင် မိုးရေချိန် ၁၀၀ မှ ၂၄၉ မီလီမီတာအထိ ရွာသွန်းမည်ဟု ခန့်မှန်းထားသဖြင့် မိုးသည်းထန်စွာ ရွာသွန်းမှုများအတွက်လည်း သတိပေးထားသည်။

ထို့နောက် မုန်တိုင်းသည် အနောက်ဘက်နှင့် မြောက်ဘက်သို့ ရွေ့လျားကာ ဗီယက်နမ်မြောက်ပိုင်းနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်ဘက်သို့ ဦးတည်သွားမည်ဖြစ်ကြောင်း သိရသည်။ **Mon**

## အမေရိကန်အခွန်စည်းကြပ်မှု အသက်ဝင်ခဲ့သည့် တတိယသုံးလပတ်တွင် ဒုတိယသုံးလပတ်၏ ၇ ဒသမ ၉၆ ရာခိုင်နှုန်း တိုးတက်မှုနှုန်းမှ အရှိန်မြှင့်တိုးမြင့်လာ

ဟနွိုင်း အောက်တိုဘာ ၅

ဗီယက်နမ် အစိုးရသည် ၎င်း၏ ကုန်ပစ္စည်းများအပေါ် အမေရိကန်ပြည်ထောင်စုမှ ၂၀ ရာခိုင်နှုန်း အခွန်စည်းကြပ်မှု အသက်ဝင်ခဲ့သည့် တတိယသုံးလပတ်တွင် စီးပွားရေးသည် ဒုတိယသုံးလပတ်၏ ၇ ဒသမ ၉၆ ရာခိုင်နှုန်း တိုးတက်မှုနှုန်းမှ အရှိန်မြှင့်ကာ တစ်နှစ်ချင်း တိုးတက်မှုနှုန်း ၈ ဒသမ ၂၂ ရာခိုင်နှုန်းဖြင့် တိုးတက်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။



ဘဏ္ဍာရေးဝန်ကြီး ငုယင်ဗန်ထန်၏ ပြောကြားချက်ကို ကိုးကား၍ အစိုးရ၏ ထုတ်ပြန်ချက်တွင် "ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပြန်လည်နာလန်ထူမှုကြောင့် ၂၀၂၂ ခုနှစ်တွင် ရုတ်တရက် တိုးတက်ခဲ့သည်ကို ချန်လှပ်၍ ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် အမြင့်ဆုံး သုံးလပတ်တိုးတက်မှုဖြစ်သည်"ဟု ဖော်ပြပါရှိသည် ။

ထရမ့်အစိုးရလက်ထက်က ချမှတ်ခဲ့သော ဗီယက်နမ်ကုန်ပစ္စည်းအများစုအပေါ် အမေရိကန်သွင်းကုန်ခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်မှုသည် သုံးလပတ် အလယ်ဖြစ်သည့် ဩဂုတ်လ ၇ ရက်နေ့တွင် အကျိုးသက်ရောက်ခဲ့သည့်အတွက် အဓိကပြောင်းလဲနိုင်သည့် ကိန်းရှင်တစ်ခု ဖြစ်နေသည်။

အမျိုးသားစာရင်းအင်းရုံးအနေဖြင့် ကုန်သွယ်မှု ကိန်းဂဏန်းများ အပါအဝင် ပြည့်စုံသော စီးပွားရေးဆိုင်ရာ အချက်အလက်အစုံအလင်ကို တနင်္လာနေ့တွင် ထုတ်ပြန်ရန် မျှော်မှန်းထားကြောင်း သိရသည်။ **Mon**

## အဆိပ်သင့်ပစ္စည်းပါဝင်သော ကိုးလ်ဒရစ်ဖ် ချောင်းဆိုးပျောက်ဆေးကို အိန္ဒိယနိုင်ငံရှိ အနည်းဆုံးပြည်နယ် သုံးခုတွင် ပိတ်ပင်တားမြစ်လိုက်ပြီ

ဒေလီ အောက်တိုဘာ ၅

ဖျားနာသော ကလေးငယ်များ သောက်သုံးခဲ့သည့် ကိုးလ်ဒရစ်ဖ် ချောင်းဆိုးပျောက်ဆေးကို အိန္ဒိယနိုင်ငံရှိ ပြည်နယ်အနည်းဆုံး သုံးခုတွင် ပိတ်ပင်တားမြစ်လိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဩဂုတ်လနှောင်းပိုင်းက စတင်၍ မက်ဒရာပရာဒေ့ရှ်နှင့် ရာဂျက်စတန်ပြည်နယ်များတွင် အသက် ငါးနှစ်အောက် ကလေးငယ် ကိုးဦးထက်မနည်း သေဆုံးမှုသည် ဆရာဝန်ဆေးညွှန်းဖြင့် သောက်သုံးခဲ့ရသည့် ချောင်းဆိုးပျောက်ဆေးနှင့် ဆက်နွှယ်နေသည်။

အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာလ ၄ ရက်တွင် ထုတ်ပြန်သည့် သတင်းအရ ကလေးငယ်များ သောက်သုံးခဲ့သော ဆေးရည်နမူနာများကို ဓာတ်ခွဲခန်း၌ စစ်ဆေးရာတွင် ဒိုင်အီလလင်းဂလိုင်ကောအဆိပ်သင့်ပစ္စည်း ပါဝင်နေကြောင်းတွေ့ခဲ့သည်။

၎င်းသည် စက်မှုသုံးအရည်ဖျော် ပစ္စည်းများတွင် အသုံးပြုသော အဆိပ်သင့်ဓာတုပစ္စည်းဖြစ်ပြီး အနည်းငယ်မျှ သောက်သုံးမိလျှင်ပင် အသက်ဆုံးရှုံးနိုင်သည်။

အများဆုံးသေဆုံးမှုများ ဖြစ်ပွားခဲ့သော ပြည်နယ်ဖြစ်သည့် မက်ဒရာပရာဒေ့ရှ် ပြည်နယ်ဝန်ကြီးချုပ် မိုဟန်ယာဒက်ဗ်က "ဒီဆေးရည်ကို မက်ဒရာပရာဒေ့ရှ် တစ်ဝန်းလုံးမှာ ရောင်းချခွင့် ပိတ်ပင်လိုက်ပါပြီ"ဟု အတည်ပြုပြောကြားလိုက်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

STOP AIDS

## ဂျပန်နိုင်ငံတွင် ဝက်ဝံတိုက်ခိုက်မှုများ မြင့်တက်လာ

တိုကျို အောက်တိုဘာ ၅

ဂျပန်နိုင်ငံတွင် ဒေသခံများအား ဝက်ဝံများ၏ တိုက်ခိုက်မှုမြင့်တက်လာကြောင်း သိရသည်။ မိယာဂျီစီရင်စု ကူရီဟာရာမြို့ရှိ တောင်တန်းဒေသတွင် အောက်တိုဘာ ၃ရက်က အသက် (၇၀)အရွယ်ရှိ အမျိုးသမီးတစ်ဦးသည် ဝက်ဝံတိုက်ခိုက်ခံရသဖြင့် သေဆုံးခဲ့ကြောင်းသိရသည်။

အဆိုပါအမျိုးသမီးသည် ဒေသခံသုံးဦးနှင့်အတူ မှိုခူးဆွတ်နေစဉ် ဝက်ဝံတိုက်ခိုက်ခံရကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံမုဆိုးများက အခင်းဖြစ်နေရာတွင် ဝက်ဝံဖမ်းဆီးရန် ထောင်ချောက်ဆင်ခဲ့သည်။ ဟော်ကိုင်းဒိုးစီရင်စုရှိ အိုတာရူမြို့တွင် မုဆိုးနှစ်ဦးသည် ဝက်ဝံ၏ တိုက်ခိုက်ခြင်းခံခဲ့ရသည်။ ဂျီဖူစီရင်စု ရှိ ရှီရာကာဝါရွာတွင်လည်း လမ်းလျှောက်လာသည့် အသက် (၄၀)အရွယ် စပိန်နိုင်ငံသားတစ်ဦးအား ဝက်ဝံတစ်ကောင်က တိုက်ခိုက်ခဲ့သည်။ ၎င်းအမျိုးသားသည် ဘတ်စ်ကားမှတ်တိုင်အနီးတွင် အခြားစပိန်နိုင်ငံသားတစ်ဦးနှင့် လမ်းလျှောက်နေစဉ် ဝက်ဝံက တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် နိုင်ငံတစ်ဝန်း ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများပူးပေါင်း၍ ဒေသခံများအား ဝက်ဝံတိုက်ခိုက်ခြင်းမှ ကာကွယ်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ကိုးကား-အင်န်အိတ်ချ်ကေ

ဘာသာပြန်-စိုးသူရ



# မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး




**မြို့သစ် အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မကွေးခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင် ဦးဆောင်၍ မြို့သစ်မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် အဖွဲ့များလိုက်ပါကာ မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိစေရေးနှင့် မီးဘေးလုံခြုံရေးထောက်ခံချက်(FSC) များထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ဝင်းအိစွန်(ပြန်/ဆက်)



သရက်ခရိုင်၊ သရက်မြို့နယ်၊ ဇော်ဂျီရပ်ကွက်၌ JJ စားသောက်ဆိုင်အား အောက်တိုဘာ ၂ ရက် နံနက် ၁၀နာရီက ဌာနဆိုင်ရာအဖွဲ့များနှင့် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း ပူးပေါင်းဆောင်ရွက်ခဲ့စဉ်။ (အပေါ်ပုံ)(ကဆ)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ မော်တော်ယာဉ် တိမ်းမှောက်

**နေပြည်တော် အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ မော်တော်ယာဉ်တိမ်းမှောက်၍ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၃၀ ရက် ညနေ ၆ နာရီ ၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ရန်ကုန်-မန္တလေး



အမြန်လမ်းမကြီး မိုင်တိုင်အမှတ် မိုင် ၉၀၊ ၆ ဖာလုံနှင့် ၇ ဖာလုံ အကြား၌ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ မြို့ချောင်းအမြန်လမ်းမကြီး ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၆၆)ရပ်ကွက်နေ ညီညီစိုး(၄၈)နှစ် မောင်းနှင်ပြီး အမှတ်(၂၄)ရပ်ကွက်နေ ဦးကျော်ဝင်းသူ (၄၁)နှစ်ဆိုသူ လိုက်ပါလာသော HONDA CRV မော်တော်ယာဉ်သည် ရန်ကုန်မှ မန္တလေးဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ မော်တော်ယာဉ်၏ ရှေ့ယာဘက်ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ ရေအေးတံတားပေါင်အား တိုက်မိကာ လမ်းလယ်ကျွန်းအတွင်း ရောက်ရှိတိမ်းမှောက်ခဲ့သဖြင့် ဦးကျော်ဝင်းသူဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သောကြောင့် ညီညီစိုးဆိုသူအား မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူ

**နေပြည်တော် အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီ ၁၅မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ကမ်းကြီးဆိပ်ကျေးရွာအနီး စစ်တောင်းတံတားသစ်၌ ဝေါမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ကျိုက်ထိုမြို့မှ ဝေါမြို့ဘက်သို့ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ရတနာဒီပရပ်ကွက်နေ ကျော်ထက်ပိုင်(၃၄)နှစ်ဆိုသူ မောင်းနှင်လာသည့် HONDA FREED မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကျော်ထက်ပိုင် ဆိုသူအား ညောင်ခါးရှည်နယ်မြေရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## လမ်းပေါ်တွင် လဲကျနေသည့် ဇောင်ဂျမ်းပင်အား မီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်း

**ညောင်ဦး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ အမှတ်(၃)၊ ပြည်တော်အေးရပ်ကွက်၊ ညောင်ဦးသံတဲဟိုတယ်နှင့်ကပ်လျက် ပြည်တော်အေးလမ်းပေါ်တွင် လဲကျနေသည့် ဇောင်ဂျမ်းပင်အား ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၂ ရက် နံနက် ၇နာရီခွဲက ရှင်းလင်းခဲ့ကြသည်။

ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲမင်းထွန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် အမှတ်(၄)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့များသည် အောက်တိုဘာ ၁ ရက် ညသန်းခေါင်ယံအချိန်က လဲကျနေသည့် ဇောင်ဂျမ်းပင်အား ယာဉ်သွားယာဉ်လာ၊ လမ်းသွားလမ်းလာများအား အဆင်ပြေစေနိုင်ရေးအတွက် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါဇောင်ဂျမ်းပင်သည် လုံးပတ် ၂ ပေခွဲခန့်ရှိပြီး အမြင့်ပေ ၂၀ ခန့်ရှိကြောင်း၊ မိုးရွာသွန်းမှုများပြီး အပင်အမြစ်ခိုင်ခံ့မှု မရှိသဖြင့် အခြေမှ သံတဲဟိုတယ်အုတ်တံတိုင်းပေါ်လဲကျ၍ အုတ်ခြံစည်းရိုးပြိုကျပြီး လမ်းပိတ်ဆို့နေသောကြောင့် ရှင်းလင်းခဲ့ကြကြောင်းသိရသည်။ (၄၈၁)

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ




**ပွင့်ဖြူ အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမတွင် အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာအောင်က အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက နိုင်ငံတော်မှ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုလျှော့နည်းပပျောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ အမျိုးသမီးများ အကြမ်းဖက်မှုခံရခြင်းမှ လျှော့နည်းပပျောက်စေရေး ပြည်သူလူထုပူးပေါင်းပါဝင် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် အကူအညီတောင်းခံရမည့်နည်းလမ်းများ၊ အမျိုးသမီးများ လိင်အကြမ်းဖက်ခံရခြင်းနှင့် မတော်မတရား ညှည်းပန်းနှိပ်စက်ခြင်းများ ဖြစ်ပွားပါက ဥပဒေအရ အရေးယူနိုင်သည့် လုပ်ထုံးလုပ်နည်းများ၊ ပြစ်မှု၊ ပြစ်ဒဏ်များ၊ အမျိုးသမီးများ ကြုံတွေ့ရသည့် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ ငွေကြေးပိုင်းဆိုင်ရာ၊ စိတ်ခံစားမှုပိုင်းဆိုင်ရာ၊ ခံယူချက် အတွေးအခေါ်ပိုင်းဆိုင်ရာစသည့် အကြမ်းဖက်ခံရမှု ဖြစ်စဉ်အကြောင်းအရာများကို အများပြည်သူ အသိပညာဗဟုသုတတိုးပွားစေရန် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အသိပညာပေးဆွေးနွေးပွဲ (Talk Show) များကို ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ပြည်သူ့အသိပညာပေး ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၅)

## ဓားဦးချွန် ကိုင်ဆောင်သွားလာသူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူ

**မန္တလေး အောက်တိုဘာ ၅**

မန္တလေး၊ အမရပူရမြို့နယ်၌ ဓားဦးချွန်ကိုင်ဆောင်သွားလာသူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၉ ရက် ညနေ ၆ နာရီခွဲတွင် မန္တလေး၊ အမရပူရမြို့နယ်၊ မြစ်ငယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် အမရပူရမြို့နယ်၊ ရှားတောလေးကျေးရွာအနီး စွယ်တော်ဘုရား အနောက်ဘက်မုခ်အရောက်၌ လမ်းလျှောက်လာသည့် အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာနေ သန်းစိုး(၃၂)နှစ်နှင့် အောင်မိုး (၂၃)နှစ်ဆိုသူတို့အား စစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးထံမှ အရိုး၊ အသွား ၂၆ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့် အရိုး၊ အသွား ၁၈ လက်မခွဲခန့်ရှိ ဓားဦးချွန်တစ်ချောင်းတို့အား တွေ့ရှိသိမ်းဆည်းဖမ်းဆီးရမိခဲ့သဖြင့် သန်းစိုးနှင့် အောင်မိုးဆိုသူတို့နှစ်ဦးအား မြစ်ငယ်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀





ကျောက်မဲမြို့အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။



ကျောက်မဲမြို့ လာဘမုနိ တရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။

# ကျောက်မဲမြို့အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်၊ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၅

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)ကို တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး အစိုးရအုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေးနှင့် မြို့ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူလူထုနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ပူးပေါင်း၍ ကျောက်မဲမြို့တွင် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန်၊ ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစွာနှင့် စိတ်အေးချမ်းသာစွာ သွားလာနေထိုင်နိုင်ရန်အတွက် TNLA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပူးပေါင်းအဖွဲ့များက အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် ယုတ်မာရိုင်းစိုင်းစွာ ထောင်ထားခဲ့သည့် မြေမြှုပ်မိုင်း၊ နင်းမိုင်း၊ တိုက်မိုင်းများအား ယခုလ ၄ ရက်နေ့မှစတင်၍ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကို ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိ တရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ယနေ့မှစတင်၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

ယင်းအပြင်ကျောက်မဲမြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ မြို့အဝင်နေရာနှင့် ပတ်ဝန်းကျင်နေရာများအား ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန်အတွက် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းစသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် အခြားလိုအပ်သည်များကို အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ပေးကြသည်။

ထို့ပြင် ကျောက်မဲမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ကျောက်မဲမြို့၌ ပြည်သူ့ဆေးရုံ(ယာယီဆေးရုံ) ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်အားဖြည့်ဆောင်ရွက်လျက်ရှိ



နေပြည်တော် အောက်တိုဘာ ၅

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter-Terrorism Operation)ကို ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အားအလုံးစုံပြန်လည် ထိန်းချုပ်နိုင်ခဲ့ပြီး ကျောက်မဲမြို့၌ အစိုးရအုပ်ချုပ်ရေး ယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ မြို့ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များကို ဒေသခံပြည်သူလူထုနှင့်ပူးပေါင်း၍အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကျောက်မဲခရိုင် ကျောက်မဲမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းလွှမ်းခြုံမှု ပြန်လည်ကောင်းမွန်စွာ ရရှိရေးအတွက် အားစိုက် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများသည် အောက်တိုဘာ ၃ ရက်တွင် ကျောက်မဲမြို့သို့ပြန်လည်ရောက်ရှိတာဝန်ထမ်းဆောင်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပျက်စီးမှုများရှိခဲ့သည့် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၅၀)အား ပြန်လည်ပြုပြင်ရန် ဆောင်ရွက်နေစဉ်တွင် ကျောက်မဲခရိုင် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံကြီး(ယာယီဆေးရုံ)ကို အမှတ်(၂)ရပ်ကွက်ရှိလာဘမုနိ တရုတ်ဘုံကျောင်း၌ ယနေ့တွင် စတင်ဖွင့်လှစ်၍ ကျောက်မဲမြို့ပေါ်နှင့် ဒေသခံပြည်သူများအား ဆေးကုသမှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ထွန်းညွန့်ဦးနှင့် ဒေါက်တာ မျိုးအောင်(ဒု-ခရိုင် ကုသရေးဦးစီးဌာနမှူး) ဦးစီးသည့် ကျန်းမာရေးဝန်ထမ်း ခုနစ်ဦးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင် လူနာအမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၃၃ ဦး စုစုပေါင်း လူနာ ၅၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျောက်မဲမြို့ပေါ်နှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ယာယီဆေးရုံတွင် အရေးပေါ် ခွဲစိတ်ကုသမှုများ ဆောင်ရွက်နိုင်မည့် ရွှေ့လျားခွဲစိတ်ခန်း (Mobile Operation Theatre)များကို တည်ဆောက်ခြင်း၊ လိုအပ်သည့်ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများကို အားဖြည့်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီးရှိ ဇာတ်ရုံနှင့် ဈေးဆိုင်ခန်းများအား မီးဘေးလုံခြုံရေး စစ်ဆေး

မကွေး အောက်တိုဘာ ၅

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ မြသလွန်စေတီတော်မြတ်ကြီး၏(၂၅၈၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးအား အောက်တိုဘာ ၁ ရက်မှ ၂၀ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ ဘုရားပွဲတော်ကျင်းပနေစဉ်ကာလအတွင်း ဇာတ်ရုံနှင့် ဈေးဆိုင်ခန်းများအား မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့သည်။

အဆိုပါမီးဘေးလုံခြုံရေးစစ်ဆေးရာတွင် မကွေးမြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးသူ ဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပွဲတော်ကော်မတီအဖွဲ့ဝင်များပူးပေါင်း၍ ကပြဖျော်ဖြေမည့် ဇာတ်ရုံနှင့်ဘုရားပွဲတော်တွင် ရောင်းချလျက်ရှိသော ဈေးဆိုင်ခန်းများအား လျှပ်စစ်မီးသုံးစွဲမှုစနစ်တကျရှိစေရေး၊ မီးသုံးစွဲမှုသတိရှိစေရေး၊ ရေရရှိရေးစစ်ဆေးခြင်း၊ ဇာတ်ရုံနှင့် ဈေးဆိုင်ခန်းများတွင် မီးသတ်ဆေးဘူးထားရှိစေရေးတို့ကို သတိပေးစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# နိုင်ငံတကာ အားကစား သတင်းများ

## ဆယ်ဗင်ဟို မန်စီးတီးအသင်းနှင့် ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို



**လန်ဒန် အောက်တိုဘာ ၅**

မန်စီးတီးအသင်းသည် အသင်းတောင်ပံကစားသမား ဆယ်ဗင်ဟိုအား ၂၀၃၁ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား ဆယ်ဗင်ဟိုသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၄ ပွဲကစားပြီး လေးဂိုး သွင်းယူထားသည်။

မန်စီးတီးအသင်း၏ထုတ်ပြန်ချက်တွင် 'ဆယ်ဗင်ဟို အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ'ဟု ထုတ်ပြန်သည်။

(အပေါ်ဝဲပုံ)

(NGB)

## စက်တင်ဘာလအတွက် စပိန်လာလီဂါ တစ်လတာ အကောင်းဆုံးကစားသမားဆုကို ဘာပေ ဆွတ်ခူး

**မက်ဒရစ် အောက်တိုဘာ ၅**

စပိန်လာလီဂါမှ လစဉ်လတိုင်း ပေးအပ်ချီးမြှင့်လျက်ရှိသည့် စက်တင်ဘာလအတွက် တစ်လတာ အကောင်းဆုံးကစားသမားဆုကို ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဘာပေက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ စက်တင်ဘာလအတွင်း စပိန်လာလီဂါ လေးပွဲကစားခဲ့ရာ ငါးဂိုးသွင်းယူပြီး ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဘာပေသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၉ ပွဲ ကစားကာ ၅၈ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဘာပေက 'ကျွန်တော် အခုလို တစ်လတာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို တစ်ဦးချင်းဆုတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုများ ရယူနိုင်ဖို့ ကြိုးစားသွားမှာပါ'ဟု ပြောသည်။

(အောက်ပုံ)(NGB)




## အမော်ရင် မန်ယူအသင်းနည်းပြဘဝ ပြိုင်ပွဲစုံ ပွဲ ၅၀ ပြည့်မြောက်

**မန်ချက်စတာ အောက်တိုဘာ ၅**

နည်းပြအမော်ရင်သည် မန်ယူအသင်းနည်းပြဘဝ ပြိုင်ပွဲစုံ ပွဲ ၅၀ ပြည့်မြောက်သည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နည်းပြသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်ယူအသင်းက ဆန်းဒါးလန်းအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်အား ကိုင်တွယ်ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြ အမော်ရင်သည် မန်ယူအသင်းကို ပြိုင်ပွဲစုံ ပွဲ ၅၀ ကိုင်တွယ်ခဲ့ရာ ၁၉ပွဲနိုင်၊ ၁၂ပွဲသရေ၊ ၁၉ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အသက်(၄၀)နှစ်အရွယ်ရှိ နည်းပြ အမော်ရင်က 'ကျွန်တော် အခုလို ပွဲ ၅၀ပြည့်မှာ နိုင်ပွဲရယူနိုင်ခဲ့လို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ နောက်လာမယ့် ပွဲစဉ်တိုင်းကိုလည်း နိုင်ပွဲတွေရရှိအောင် အစွမ်းကုန် ကြိုးစားသွားမှာပါ'ဟု ပြောသည်။ (အောက်ပုံ)

(NGB)






## ဂျေဆူးကို ခေါ်ယူရန် အဲဗာတန်အသင်း စိတ်ဝင်စား

**လန်ဒန် အောက်တိုဘာ ၅**

အဲဗာတန်အသင်းသည် အာဆင်နယ်အသင်း တိုက်စစ်မှူး ဂျေဆူးကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၆ပွဲကစားကာ ၂၆ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂျေဆူးကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အာဆင်နယ်အသင်းမှ ထွက်ခွာချင်နေသည်။

ထို့ကြောင့် အဲဗာတန်အသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် အာဆင်နယ်အသင်းထံမှ ဂျေဆူးအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ဝဲပုံ)

(NGB)

## နည်းပြ စတိဗ်ဘရုစ်ကို နည်းပြရာထူးမှ ဘလက်ပူးအသင်း ထုတ်ပယ်

**လန်ဒန် အောက်တိုဘာ ၅**

လိဂ်ဝမ်းကလပ် ဘလက်ပူးအသင်းသည် လက်ရှိအချိန်တွင် ရလဒ်ဆိုးများကြောင့် နည်းပြ စတိဗ်ဘရုစ်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ပြီဖြစ်သည်။

ဘလက်ပူးအသင်းသည် လိဂ်ဝမ်းပြိုင်ပွဲတွင် ပြိုင်ပွဲစုံ ၁၁ ပွဲ ကစားပြီး အမှတ်ပေးဇယားအဆင့် ၂၃ နေရာတွင် ရပ်တည်ကာ ရလဒ်များ အလွန်ဆိုးရွားခြင်းကြောင့် နည်းပြ စတိဗ်ဘရုစ်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ စတိဗ်ဘရုစ်သည် ဘလက်ပူးအသင်းအား ၂၀၂၄ခုနှစ် စက်တင်ဘာ ၃ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၆၁ ပွဲတွင် ၂၁ ပွဲနိုင်၊ ၁၉ ပွဲသရေ၊ ၂၁ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ဘလက်ပူးအသင်းထုတ်ပြန်ချက်တွင် 'နည်းပြ စတိဗ်ဘရုစ်အား ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ'ဟု ထုတ်ပြန်သည်။

(အောက်ပုံ)

(NGB)



## ယာမဲလ် ဒဏ်ရာကြောင့် စပိန်လက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်

**ဘာစီလိုနာ အောက်တိုဘာ ၅**

ဘာစီလိုနာအသင်း တောင်ပံကစားသမား ယာမဲလ်သည် ပေါင်ခြံဒဏ်ရာကြောင့် စပိန်လက်ရွေးစင်အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့ပြီဖြစ်သည်။(အောက်ပုံ)

အဆိုပါ တောင်ပံကစားသမားသည် ကလပ်အသင်းဖြစ်သည့် ဘာစီလိုနာအသင်းက ပီအက်စ်ဂျီအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား ယာမဲလ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ယခုလအတွင်း ကမ္ဘာ့ဖလားပွဲစဉ်များ ယှဉ်ပြိုင်ကစားရန်ရှိသည့် စပိန်လက်ရွေးစင်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၁၈)နှစ်အရွယ်ရှိ ယာမဲလ်သည် စပိန်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၃ မှ ၂၀၂၅ ခုနှစ်အတွင်း ပြိုင်ပွဲ ၂၃ ပွဲကစားပြီး ခြောက်ဂိုး သွင်းယူထားသည်။ (NGB)



## 2025 China Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Amanda Anisimova တက်ရောက်



**ပေကျင်း အောက်တိုဘာ ၅**

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 China Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အမေရိကန်တင်းနစ်မယ် Amanda Anisimova တက်ရောက်ခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်မယ် Amanda Anisimova သည် 2025 China Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် တစ်နိုင်ငံတည်းသူ တင်းနစ်မယ် Coco Gauff အား ၆-၁၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ (ဝဲပုံ)

2025 China Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်မယ် Amanda Anisimova နှင့် ချက်တင်းနစ်မယ် Linda Noskova တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

## ဘန်တန်ကာ စပါးအသင်းနှင့် ကာလရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် အောက်တိုဘာ ၅**

စပါးအသင်းသည် အသင်းကွင်းလယ်ကစားသမား ဘန်တန်ကာအား ကာလရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ (ယာပုံ)

အဆိုပါ ကွင်းလယ်ကစားသမားသည် စပါးအသင်းနှင့်အတူ ၂၀၂၀-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၂ ပွဲကစားပြီး ကိုးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ဘန်တန်ကာက 'ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားချင်ပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်'ဟု ပြောသည်။



(NGB)

## ဘောလုံးသတင်းအတိုအထွာများ

* ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့သည် ကိုမိုအသင်း ကွင်းလယ်ကစားသမား နီကိုပက်ဇ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* လီဗာပူးအသင်းသည် ဘိုင်ယန်မြူးနစ်အသင်း တောင်ပံကစားသမား အိုလီဆီအား စတာလင်ပေါင် သန်း ၁၃၀ ကျော်ပေးချေကာ ခေါ်ယူသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* မန်ယူအသင်း နောက်ခံစားသမား မက်ဂွိုင်းယားကို ခေါ်ယူရန် ဆော်ဒီပရိုလိဂ်ကလပ်အသင်းများစွာက စိတ်ဝင်စားလျက်ရှိသည်။ (NGB)



## အလိုတော်ပြည့်ဘုရားနှင့်အနီးဝန်းကျင်ဘုရားများအား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ညောင်ဦး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ အလိုတော်ပြည့်ဘုရားနှင့်အနီးပတ်ဝန်းကျင်ရှိ ဘုရားများအား စုပေါင်းသန့်ရှင်းရေးကို အောက်တိုဘာ ၄ ရက် နံနက် ၇နာရီမှ စတင်၍ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ ဆောင်ရွက်ကြသည်။

ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်ကော်မတီဝင်များ၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်ကော်မတီအဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အလိုတော်ပြည့်ဘုရားအနောက်ဘက်ရှိ ဘုရားများအတွင်း၊အပြင်ရှိ ပေါင်းမြက်အမှိုက်များအား သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘုရားအတွင်းရှိ ဆင်းတုတော်လေးဆူအား ရောင်တော်ဖွင့်ခြင်း၊ ခိုချေး၊ ငှက်ချေး၊ ဖုန်မှုန့်များအား သန့်ရှင်းရေးပြုလုပ်ခြင်းနှင့်အနီးဝန်းကျင်ဘုရားများရှိ ချုံနွယ်ပေါင်းမြက်များအား ညောင်ဦးခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြပြီး ချုံနွယ်အမှိုက်များ ညောင်ဦးခရိုင်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်များဖြင့် အမှိုက်များအား စည်ပင်သာယာအမှိုက်ကျင်းသို့ စနစ်တကျ စွန့်ပစ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၁)

## တက္ကသိုလ်များ(မန္တလေး) ရက္ခဗေဒမိသားစု ၂၀၂၅ ခုနှစ် အာစရိယပူဇော်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၅**

မန္တလေးတက္ကသိုလ် နှစ် ၁၀၀ပြည့် အထိမ်းအမှတ် မန္တလေးတက္ကသိုလ်၊ ညနေသင်တန်း၊ အဝေးသင်တက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ မန္တလာတက္ကသိုလ်၊ တက္ကသိုလ်များ(မန္တလေး) ရက္ခဗေဒမိသားစု အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၄ ရက် ညနေ ၅ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်းနှင့် ၆၄လမ်းထောင့်ရှိ Internal Restaurant တွင် ကျင်းပသည်။

အခမ်းအနားတွင် မြတ်ဆရာသီချင်းဖြင့် ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ဆီမီးကိုင်ကျောင်းသူများက ပင့်ဆောင်ခေါ်ယူကြသည်။

ထို့နောက် ကျောင်းသားဟောင်း ဦးထွန်းထွန်းမိုးက ကန်တော့ချီးတိုင်ပေး၍ ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့ကြပြီး အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့က ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ငွေများ ပေးအပ်ကြသည်။

ထို့နောက် ကန်တော့ခံဆရာ၊ ဆရာမကြီးများကိုယ်စား ရက္ခဗေဒဌာန ပါမောက္ခ ဌာနမှူး (ငြိမ်း)ဒေါ်ခင်မြမြက ဆုပေးစကားပြောကြားသည်။

ဆက်လက်၍ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှဘုန်းကျော်က ကျေးဇူးတင်စကားပြောကြားပြီး အတွင်းရေးမှူး ဦးကျော်ကြည်မင်းက ငွေစာရင်းရှင်းတမ်းကိုဖတ်ကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့၍ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့က ကန်တော့ခံဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအား ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၀၄၅)



## သီတင်းကျွတ်အခါသမယ ဒေသထွက်ဆီမီးခွက်များနှင့် မီးပုံးများ အရောင်းသွက်

**တောင်တွင်းကြီး အောက်တိုဘာ ၅**


မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၌ သီတင်းကျွတ်အခါသမယ ဆီမီးထွန်းညှိပူဇော်ရန်အတွက် ဒေသထွက်ဆီမီးခွက်များနှင့် မီးပုံးများ အရောင်းသွက်လျက်ရှိသည်။

သီတင်းကျွတ်အခါသမယ ဘုရားရှင်အား ဆီမီးထွန်းညှိပူဇော်ရန်အတွက် ဆီမီးခွက်များကို တောင်တွင်းကြီးမြို့ မြို့မဈေးကြီးနှင့် ဒက္ခိဏဈေးတို့တွင် ရောင်းချလျက်ရှိပြီး ဆီမီးခွက်များကို တောင်တွင်းကြီးမြို့ မိရိုးဖလာ အိုးလုပ်ငန်းလုပ်ကိုင်ကြသည့် ကုက္ကိုခွကျေးရွာ၊ဂျုတ်ကုန်းကျေးရွာနှင့် ရခိုင်စုကျေးရွာတို့မှ လုပ်ကိုင်ကြကြောင်း၊ အဆိုပါ အိုးလုပ်ငန်းလုပ်ကိုင်ကြသူများမှ တစ်ဆင့် မြို့မဈေးကြီးအတွင်း အိုးရောင်းချသူများက ဖောက်သည်ဝယ်ယူ၍ တစ်ဆင့်ပြန်လည်ရောင်းချခြင်းဖြစ်ကြောင်း၊ မီးပုံးများကို မြန်မာ့ရိုးရာလက်မှုလုပ်ငန်း လုပ်ကိုင်သူများက လာရောက်ရောင်းချခြင်းဖြစ်ကြောင်း၊ ရောင်းချရာတွင် ဆီမီးခွက် ၁၀ ခွက်လျှင် ငွေကျပ် ၁၀၀၀၊ မီးစာအပင်နှစ်ဆယ်ပါတစ်စည်းလျှင် ငွေကျပ် ၇၀၀ နှင့် သီတင်းကျွတ်မီးပုံးတစ်ခုလျှင် အနိမ့်ဆုံး ငွေကျပ် ၁၅၀၀မှ အမြင့်ဆုံး ငွေကျပ် ၂၀၀၀ ဖြင့် လည်းကောင်း ရောင်းချနေရကြောင်းနှင့် မကြာမီသီတင်းကျွတ်လပြည့်ရက် ရောက်တော့မည်ဖြစ်သည့်အတွက် အရောင်းသွက်လျက်ရှိကြောင်း အိုးရောင်းချသူတစ်ဦးထံမှ သိရသည်။

သီတင်းကျွတ်လပြည့်)အဘိဓမ္မာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်တို့အတွက် နေ့ထူးနေ့မြတ်နေ့တစ်နေ့ဖြစ်ပြီး ထိုနေ့တွင် သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပခြင်း၊ ဘုရား၊တရား၊သံဃာ၊ မိဘဆရာသမားများအား ပူဇော်ကန်တော့ခြင်းနှင့် ပွဲလမ်းသဘင်များ ဆင်ယင်ကျင်းပကြကြောင်း သိရသည်။

(အောက်ပုံ)

နောင်နောင်(မိဿနိုးမြေ)



## စားတော်ပဲ ၃၁၉၂ ဧက လျာထားစိုက်ပျိုးမည်

**ပွင့်ဖြူ အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၃၁၉၂ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၃၁၉၂ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါစားတော်ပဲစိုက်ပျိုးခြင်းကို ယခုနှစ် အောက်တိုဘာလတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတ်မှတ်စိုက်ဧကများပြည့်မီအောင် စိုက်ပျိုးနိုင်ရန်နှင့် ပန်းတိုင်အထွက်နှုန်းများရရှိစေရန်အတွက် မျိုးကောင်းမျိုးသန့်များရရှိရေးနှင့် စိုက်ပျိုးရေးနည်းပညာများကို တောင်သူများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ စားတော်ပဲ ၃၁၉၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ စားတော်ပဲစိုက်ပျိုးမှုအနေနဲ့ လျာထားချက် ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားမှာပါ။ တောင်သူတွေကိုလည်း စိုက်ဧကတွေတိုးချဲ့စိုက်ပျိုးကြရန်၊ အထွက်နှုန်းကောင်းတဲ့မျိုးတွေ ရွေးချယ်စိုက်ပျိုးကြရန်၊ မြေဩဇာနဲ့သွင်းအားစုတွေ စနစ်တကျ သုံးစွဲကြရန်၊ စိုက်ပျိုးရေ စနစ်တကျသုံးစွဲကြရန်နဲ့ GAP နည်းစနစ်ဖြင့် စိုက်ပျိုးကြရန်ကိုလည်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မိုးမိုးဝေက ပြောသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိစေရန်အတွက် ဒေသနဲ့ကိုက်ညီသော အထွက်နှုန်းကောင်းမျိုးများရရှိရေး၊ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့် စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) (၄၄၅)



## လဟယ်မြို့နယ် လုံခင်-ခါးလယ်-လွန်းထောင်းကြား ခါးလယ်လမ်းပိုင်း ၁/၀ မိုင် ၂ ဖာလုံ ကျောက်ရောမြေခင်းခြင်းပြီးစီး

**စစ်ကိုင်း အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ်၊လုံခင်-ခါးလယ် လွန်းထောင်းကြား ခါးလယ်လမ်းပိုင်း ၁/၀မိုင် ၂ ဖာလုံအား မြေသားလမ်းအကျယ် ၂၄ ပေ လမ်းတာချဲ့ခြင်းနှင့် ကျောက်ရောမြေ ၈ လက်မ၊ ထု ၁၈ ပေ ခင်းခြင်းလုပ်ငန်းမှာ ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။



အဆိုပါလုပ်ငန်းကိုကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လမ်းကြောင်းပေါ်ရှိ ကျေးလက်ပြည်သူများအတွက် ပညာရေး၊ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုစေရန် ပြည်ထောင်စုဘတ်ဂျက်ခွင့်ပြုရန်ပုံငွေကျပ် ၁၉၅ ဒသမ ၄၆ သန်းဖြင့် ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်တွင် ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၁ ရက်က နာဂဒေသကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒေသဦးစီးမှူး E.E ဦးသိန်းဝင်းနှင့် ရုံးအဖွဲ့များက စစ်ဆေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၃၉၄)

ဝတ္ထုတိုကဏ္ဍ

# နှလုံးသားထဲက ခွာဒိုည

မင်းလပြည့် (ဟားခါး)



ခွာဒိုပွဲအား ပွဲကျင်းပရန် နှစ်ရက်သာလိုတော့သည်။ ကပ်လှိုင်က တီးတိန်သား ခိုင်ပီးနှင့်အတူ ထောင်းပြီးသား ဆပ်ဆန်များကို ထမင်းချက်မည့်နေရာသို့ ပို့ပေးနေသည်။ လူငယ်အချို့က ပွဲကျင်းပမည့် ကွင်းပြင်တွင် မဏ္ဍပ်ကြီးတစ်ခု၊ အဝင်မုခ်ဦးတစ်ခု၊ စင်မြင့်တစ်ခု ဆောက်ရန် မြေတိုင်းနေကြ၏။

ကပ်လှိုင်က အိမ်ပေါ်မှ လှမ်းကြည့်ရင်း လှပသောရှုခင်းအလှတွင် ခံစားနေသည်။ စိမ်းလန်းနေသည့် တောင်တန်းကြီးများ၊ မြွေလိန်မြွေကောက်လမ်းပေါ်တွင် ကားကြီး၊ ကားငယ် အသွယ်သွယ် ဥဒဟိုသွားလာနေကြသည်။ အောက်တိုဘာ ၁၂ ရက်တွင် ပုံမှန်ကျင်းပနေသည့် ခွာဒိုပွဲစည်ကားနေမည်ကို စိတ်ကူးထဲတွင် မှန်းဆနေမိသည်။

သူကြည့်နေစဉ် ရပ်ဝေးမှ ပြန်လာကြသူများ၊ အလည်လာသူများ၊ ဖိတ်ကြားထားကြသူများက ဆိုင်ကယ်၊ကားငယ် အသွယ်သွယ်ဖြင့် မြို့ထဲသို့ ဝင်လာကြသည်။

"ခိုင်ပီးရေ…နှင့်ဆရာ ပျင်းနေပြီထင်တယ်" အသံခပ်အုပ်အုပ်ဖြင့် ပြောလိုက်သူကား ခိုင်ပီး၏ ကျောင်းနေဖက်သူငယ်ချင်း မိန်းကလေးဖြစ်သူ ကပ်ဆန်းမန်ပင်၊ တီးတိန်မြို့နယ်၏ အလှမယ်လည်းဖြစ်သည်။ ခိုင်ပီးက တီးတိန်တွင် ကြီးပြင်းပြီး ရန်ကုန်ရှိ ကပ်လှိုင်၏ တယ်လီဖုန်းဆိုင်တွင် အလုပ်လုပ်နေသော ဝန်ထမ်းတစ်ဦးဖြစ်သည်။ဖခင်ကဟားခါးဇာတိ၊ အမေက တီးတိန်သူ ဒေါ်ဒိမ်ချင်ဟွဲ့ ဖြစ်သည်။ ကပ်လှိုင်က တယ်လီဖုန်းဆိုင် ပိုင်ရှင်ဖြစ်ပြီး အသက်(၂၈)နှစ်အရွယ် အိမ်ထောင်မကျသေး။ ရန်ကုန်တွင် မွေး၊ ရန်ကုန်တွင် ကြီးပြင်းပြီး မိဘဇာတိရှိရာ ချင်းပြည်နယ် မရောက်ဖူး၍ ခိုင်ပီးနှင့်အတူ တီးတိန်သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

"ဆရာက ရန်ကုန်များ ပြန်ချင်နေပြီလား မသိဘူး" ခိုင်ပီး ပြောတော့ ကပ်လှိုင်က ပြုံးသည်။

"ချင်းတောင်က မပြန်ချင်သေးပါဘူး" ကပ်လှိုင်က ပြောတော့ ကပ်ဆန်းမန် သူငယ်ချင်းများဖြစ်သော ထန်လန့်နွမ်းနှင့် ညောင်ဟောက်ကျင်းက ပြုံးတုံ့တုံ့။ ကပ်လှိုင်တစ်ယောက် ကပ်ဆန်းမန် အိမ်သို့ မကြာခဏလည်သည်က အဓိပ္ပာယ်ရှိသည်။ လွန်ခဲ့သော လေးရက်က ကပ်လှိုင်တို့ တီးတိန်သို့စော၍ ရောက်လာခဲ့သည်။ ခိုင်ပီး မိတ်ဆက်ပေး၍ ကပ်ဆန်းမန်ကို သိခဲ့ရသည်။

"ဒါနဲ့ Boss (အလုပ်ရှင်) ခွာဒိုပွဲမှာဝတ်ဖို့ ချင်းပုဆိုးတွေဝယ်ဦးမယ်ဆို"

"ဟုတ်တယ်၊ ဝယ်ရမယ် ဘယ်ဆိုင်မှာ ဝယ်ရမလဲ မသိဘူး"

"အစ်ကိုတို့ မသိရင် ကျွန်မတို့ လိုက်ပြမယ်နော်။ နင်တို့ကော လိုက်ခဲ့၊ ကပ်ဆန်းမန်က သူငယ်ချင်းများဖြစ်သော ထန်လန့်နွမ်းနှင့် ညောင်ဟောက်ကျင်းကို လှည့်ပြောလိုက်သည်။ မကြာမီ ကပ်လှိုင် နားသို့ လူငယ်တစ်ဦး ရောက်လာသည်။

"ကိုကပ်လှိုင်သူက ဆွန်းပြန်ခုပ်တဲ့ ငယ်သူငယ်ချင်းတွေပါ။" "ဟုတ်ကဲ့၊ တွေ့ရတာဝမ်းသာပါတယ်" ကပ်လှိုင်က နှုတ်ဆက်သည်။ အထည်ဆိုင်သို့ ဆွန်းပြန်ခုပ်ပါ လိုက်ပါလာသည်။ အရောင်အသွေးစုံလင်သည့် အထည်များ ရွေးဝယ်သည်။ လိုက်၊ မလိုက် ဝတ်ကြည့်သည်။

"ဆရာနဲ့ လိုက်တယ်" ခိုင်ပီးက ပြောသလို အားလုံးထောက်ခံကြသည်။ တင့်တယ်ခန့်ညား ကိုယ်ခန္ဓာ မြင့်မားသော အရပ်အမောင်းနှင့် ခန့်ချောသော ကပ်လှိုင်က မှန်ထဲကြည့်လိုက်သည်။ စူးရှစွာ ကြည့်နေသော ကပ်ဆန်းမန်၏ မျက်ဝန်းတစ်စုံကို လှမ်းမြင်လိုက်ရသည်။ ပြီးတော့ သူ့ကို ရှုတည်စွာ မျက်နှာတင်းတင်းကြည့်နေသူ တစ်ယောက်ကိုလည်း တွေ့လိုက်ရသည်။ ဆွန်းပြန်ခုပ်ပင်။

"ကဲ…အားလုံးကြုံတုန်း တစ်ထည်စီလောက် ဝယ်ပေးချင်တယ်"

"ဆရာ ပိုက်ဆံကုန်မှာပေါ့" "ရတယ်" ဒီထဲမှာ မယူသူက ဆွန်းပြန်ခုပ်ဖြစ် သည်။ ငွေရှင်းပြီး ပြန်လာကြသည်။

ခွာဒိုပွဲကျင်းပရန် တစ်ရက်သာ လိုတော့သည်။

မနေ့က တွေ့ရသည့် ကွင်းပြောင်ကြီးပေါ်တွင် စကားပြောစင်မြင့်၊ ဧည့်သည်များ ထိုင်ကြမည့်မဏ္ဍပ်ကြီးတစ်ခု၊ မီးဖို၊ ထမင်းစားဆောင်များကား ငွားငွားစွင့်စွင့် ရှိနေကြသည်။

"ဒီနေ့ တောထဲက ပျားအုံကို နီးတဲ့နေရာရွှေ့မယ်။ သွားကြမလား" ခိုင်ပီး၏ အပြောကို ကပ်လှိုင်က ခေါင်းညိတ်သည်။ ကပ်ဆန်းမန်က ဆပ်ဆန်ချက်နေရာမှ "ဗဟုသုတရတယ်။ သွားလိုက်"ဟု အကြံပေးသည်။ နေရောင်ကျလာသည်နှင့် ပျားအုံယူသူလူငယ်များနောက်သို့ ကပ်လှိုင်တို့လိုက်သွားသည်။ စိမ်းစိုသည့် တောထဲသို့ သုံးမိုင် အရောက်တွင် အမြင့်ပေ ၃၀၀ ခန့် သစ်ပင်ကြီးထိပ်တွင် ပျားအုံကို တွေ့လိုက်ရသည်။ လူငယ်သုံးဦး သစ်ပင်ပေါ်သို့ တက်ကာ ထိပ်ဆုံးလူငယ်မှဝါးလုံးရှည်ပေါ် ထင်းရှူးတိုင်ကို မီးရှို့ကာ ပျားအုံအနီး မီးအပူပေးသည်။ ပျားအုံထဲရှိ ပျားများထွက်ပြေးကြသည်။ လူငယ်က သစ်ကိုင်းကို ဓားဖြင့် ခုတ်ကာ သစ်ကိုင်း၌ ရှိနေသော ပျားအုံကိုကြိုးဖြင့် အောက်သို့ ချပေးလိုက်သည်။ ပျားအုံတွင် ပျားများမရှိဘဲ ပျားသလက်များသာ ကျန်သည်။ ဒီပျားသလက်များတွင် ပျားအခြေအနေကို ကြည့်၍ နိမိတ်ဖတ်ရန် ပျားအုံကိုယူရခြင်းဖြစ်သည်။ ပျားအုံကိုယူပြီး ခွာဒိုပွဲကျင်းပမည့် နေရာနှင့်တစ်ဖာလုံခန့်တွင် ပျားအုံကို သစ်ပင်ကိုင်းတွင် ပြန်ချိတ်ထားသည်။ခွာဒိုညတွင် လွယ်ကူစွာယူနိုင်ရန် ဖြစ်သည်။ ကပ်လှိုင်နှင့်ခိုင်ပီးပြန်လာကြသည်။ ကပ်လှိုင်အတွက် အတွေ့အကြုံသစ်များ ရရှိခဲ့သည်။

ကွင်းပြင်ကြီးတစ်ခုလုံး လူများပြည့်နှက်နေသည်။ လာကြသူများမှာ ရောင်စုံချင်းရိုးရာဝတ်စုံများဖြင့် ရောင်စုံပန်းများပွင့်ဖူးနေသလို ကြည်နူးဖွယ်ရာဖြစ်သည်။ မီးဖိုမှလည်းအချက်အပြုတ်ဖြင့် မီးခိုးများအူထွက်နေသည်။ ဝါးညှပ်ကပြနေသူများ၊ စုပေါင်းလက်ချင်းချိတ်ကနေသူများ တီးမှုတ်နေကြသူများဖြင့် အားတက်ဖွယ်ရာဖြစ်သည်။

တီးတိန်မြို့သား သဘာပတိကြီး ဦးဆွန်ဒုတ်ကျင့်က ခွာဒိုပွဲစတင်သည်နှင့် ခွာဒိုပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့်ပတ်သက်၍ ခွာဒိုပွဲကျင်းပတာဟာ တောင်ယာလုပ်ငန်းအောင်မြင်မှု အထိမ်းအမှတ်ပါ။ လာမယ့်နှစ်တွေမှာလည်း ရွာသားတွေ ကျန်းမာပျော်ရွှင်ပြီး ရာသီဥတုလည်း ကောင်း၊ မကောင်းတဲ့ နတ်ဆိုးတွေကို ရွာတွင်းမှ မောင်းထုတ်ဖို့အတွက် နှစ်စဉ်ပြုလုပ်ရခြင်းဖြစ်ပါတယ်။ စည်းလုံးခြင်းဟာ အင်အားဆိုတဲ့အတိုင်း ရပ်ရွာဖွံ့ဖြိုးရေးအတွက် အားလုံးပါဝင်ဆောင်ရွက်ပေးကြပါ။ တိုင်းရင်းသားအချင်းချင်း ချစ်ခင်စွာ ပူးပေါင်းနေထိုင်ကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်"ဟု အမှာစကားပြောကြားခဲ့သည်။

ခွာဒိုပွဲကျင်းပနေစဉ်အတွင်း အိမ်တိုင်းမှ ထမင်း၊ ငါး၊ အမဲသား၊ ခေါင်ရည်များအား အိမ်တိုင်းစေ့လာပေးကြသည်။ ထိုသို့စေတနာသဒ္ဓါတရားထက်သန်ပါက တစ်နှစ်တာပတ်လုံး စီးပွားရေးကောင်းမွန်သည်ဟု ယူဆကြသည်။ အခမ်းအနားပြီးသည်နှင့် ကွယ်လွန်သူမိဘများအားရည်စူး၍ သားကောင်၏ ဝမ်းတွင်းသားများကို ချက်ပြုတ်ကာ လူသေများအား သွားရောက်ဂါရဝပြုပူဇော်ကြသည်။ ကွယ်လွန်သူများအား ပူဇော်ကန်တော့ပြီးမှသာ စားသောက်ပွဲကျင်းပသည်။

"လာ…ကိုကပ်လှိုင်တို့၊ ခိုင်ပီးတို့ ဒီဝိုင်းကို လာကြပါ"

ကပ်ဆန်းမန်က ထမင်းဝိုင်းတွင် ဖိတ်ကြားကျွေးသည်။ ဒီလိုဖော်ရွေမှုတွေကြောင့်လည်း ကပ်ဆန်းမန်ကို စိတ်ဝင်စားမိသည်မှာမဆန်း။

"ကိုကပ်လှိုင် ခေါင်ရည်သောက်ဖူးလား" "မသောက်ဖူးဘူး" ကပ်ဆန်းမန်က သဘောကျ၍ ရယ်သည်။

"ဒီနေ့တော့ ခေါင်ရည်အဝသောက်ရမယ်" ကပ်ဆန်းမန်က သစ်တုံးမြင့်မြင့်ပေါ်တွင် ခွေးခြေနိမ့်ကလေးတင်ထားကာ ခေါင်ရည်အိုးတင်ထားသည့် အိုးနှုတ်ခမ်းပေါ်တွင် ဝါးပိုက်ဖြင့် မျက်နှာချင်းဆိုင်ကာ ခေါင်ကိုစုပ်သောက်ရသည်။ ခေါင်အဖတ်များကိုထည့်၍ ဖောက်ရန်အတွက် အသုံးပြုထားသောရွှံဖြင့် ပြုလုပ်ထားသော အိုးပင်ဖြစ်သည်။ အိုးကိုလှပစွာ ပြုလုပ်ထားသည်ကို ကပ်လှိုင် သတိထားမိလိုက်သည်။

ထုံးအိုးအကြီးအငယ်အလိုက် အိုးကြီး (cuam) ထဲမှ ခေါင်ဖတ်ကို ယူထည့်ပြီး ဧည့်သည်များသောက်ရန် ခေါင်ရည်တည်ပေးရသည်။ ကပ်လှိုင်က ကပ်ဆန်းမန်ကို ကြည့်ကာ ခေါင်ရည်ကို စုပ်နေသည်။ အရည်စေးကပ်ကာ ပျားရည်နှယ်ချိုမွေးပြီး အနီရောင်သန်းနေ၍ အရသာရှိလှသည်။

"ကဲ…ညီမ ကပ်ဆန်းမန်ကြောင့် ခေါင်ရည်စစ်စစ်သောက်ရတယ်။ ဘယ်တော့မှ မမေ့ပါဘူး" ကပ်လှိုင်က ကပ်ဆန်းမန်ကို ချီးမွမ်းသည်။ ကပ်ဆန်းမန်က ၂၄ နှစ်သာ ရှိသေး၍ သူ့ထက် အသက် လေးနှစ်သာငယ်၍ ခေါ်ခြင်းဖြစ်သည်။ အသက်သိပ်မကွာလှ။ ကပ်လှိုင်နှင့် ကပ်ဆန်းမန်ကြားတွင် ခွာဒိုပွဲကြောင့် ရင်းနှီးခင်မင်လာရခြင်း ဖြစ်သည်။ ကပ်လှိုင်၏ မျက်လုံးတွင် အလှသွေး အစွမ်းကုန်ကြွယ်လျှက်ရှိသည့် ကပ်ဆန်းမန်ကို မသိစိတ်က ချစ်ခင်စွဲလမ်းနေသည်။ ကပ်ဆန်းမန်ကလည်း ကပ်လှိုင်၏ အကြည့်များကို နှလုံးသားအဖြေပုစ္ဆာ ထုတ်ရန်ပင်မလို အလိုလိုသိနေသည်။

နေ့လယ်ပိုင်းတွင် ကကြသူများ၊ တီးမှုတ်သူများ၊ ခေါင်ရည်သောက်နေကြသူများဖြင့် ခွာဒိုပွဲ၏ အလှက ပီပြင်လှသည်။ ကပ်လှိုင်က ခေါင်ရည်အရှိန်ကြောင့် ခေါင်ရည်လုပ်ပုံကို သိချင်ပေမယ့် မမေးနိုင်ဘဲ ရီဝေစွာ ကနေကြသူများကို ငေးကြည့်နေသည်။ နေ့လယ်ချိန် တဖြည်းဖြည်းကုန်ဆုံးလာသည်။

"ညကျရင် ကျွန်တော်တို့ ရေချိုးပြီး လူငယ်တွေနဲ့ ပျားအုံသွားယူရမယ်"

လျှပ်တစ်ပြက်အချိန်အတွင်းပင် နေရှိန်ပျော့ကာ ညနေချိန်ရောက်လာသည်။ရောင်စုံဝတ်စုံများ လှပစွာဝတ်ဆင်ထားသော လူငယ်များ စုရုံးနေကြသည်။ အလင်းရောင်ဖျော့သည်ထက် ဖျော့လာသည်။ မှောင်ရိပ်သန်းသည်နှင့် လူငယ်များ အားလုံး ခွာဒိုပွဲအနီးရှိ တစ်ဖာလုံခန့်ဝေးသော သစ်ပင်ပေါ်ရှိ ပျားအုံကို ယူသည်။

လူတိုင်းပါလာသည့် ထင်းရှူးတိုင်ကို မီးညှိလိုက်သည်။ အမှောင်ထဲတွင် ပျိုးပျိုးပြက်ပြက် အလင်းရောင်များက ညကိုထူးခြားစေသည်။ တန်းစီရမည့်ပုံစံအတိုင်း နေရာယူပြီးပေပြီ။ ရှေးဦးစွာ နတ်ဆရာက ပျားအုံကိုယူကာ ထိပ်ဆုံးမှရှိနေသည်။ နတ်ဆရာ၏ အနောက်တွင် ဗုံတီးသူ၊ ဗုံတီးသူ၏နောက်တွင် နွားနောက်ဦးချိုတီးသူ၊ သူ၏နောက်တွင် မောင်းတီးသူ၊ ပြီးနောက် ယောက်ျားလေး၊ မိန်းကလေးတစ်ဦးစီ တန်းစီကာ ခွာဒိုပွဲရှိရာကွင်းသို့ အကများဖြင့် ယိမ်းနွဲ့ကာ လာကြသည်။

ကပ်လှိုင်နောက်တွင် ကပ်ဆန်းမန်၊ ကပ်ဆန်းမန်နောက်တွင် ဆွန်းပြန်ခုပ်၊ သူ၏ အနောက်တွင် ခိုင်ပီး၊ ခိုင်ပီးနောက်တွင် ညောင်ဟောက်ကျင်းတို့ သူငယ်ချင်းများ လိုက်ပါလာကြသည်။ အားလုံး၏ဘေးတွင် ပေအရှည် ၅၀၀ ရှိသော ကြိုးတစ်ချောင်းကို ထင်းရှူးမီးနှင့်အတူ ကိုင်လာသည်။ ဘယ်ဘက်တွင် ရိုးရာသီချင်းကို ပလွေမှုတ်ကာ လာသဖြင့် မြင်ရသူအပေါင်းကို ကြည်နူးစေသည်။

ပွဲကျင်းပရာကွင်းသို့ ရောက်သည်နှင့် သစ်သားစားပွဲပေါ်တွင် ပန်းကန်ထဲသို့ ပျားအုံ ပျားသလက်ကို ထည့်သည်။ အလယ်ရှိ ပျားသလက်ထဲမှ ပျားအကောင်ရေကို ကြည့်ကာ နတ်ဆရာမှ ပျားကို ချီးမွမ်းသီချင်းဆိုသည်။ ပျားအကောင်ရေကိုကြည့်ကာ

"ပျားကလေးရယ်၊ နင်ဟာ ရာသီကို သိတယ်။ ရပ်ရေးရွာရေးကိုလည်း ခန့်မှန်းနိုင်တယ်။ ရွာမှာ ဘယ်လိုဖြစ်လာမလဲ၊ ချမ်းသာမလား၊ ဆင်းရဲမလား ပြောပြပေးပါ ပျားကလေးရယ်"

ဝိုင်းဖွဲ့ကပြပြီးနောက် ဗိုက်ဆာလာသည်။ဆာဘူးသီး(ပြောင်းနှင့်အသား)ကို ပူပူနွေးနွေးစားကြသည်။

"ဒါက ဝက်သား၊ဒါက အမဲသား ပြောင်းဖူးပြုတ်ထဲထည့်စား" ကပ်ဆန်းမန်က ကပ်လှိုင်၏ ပန်းကန်ထဲထည့်ပေးသည်။ ဆား၊ ငရုတ်သီး၊ အချိုမှုန့်လိုသလို ထည့်စားနိုင်သည်။ ကပ်လှိုင်ကလည်း ကပ်ဆန်းမန်ထံ အသားများ ထည့်ပေးတော့ ဆွန်းပြန်ခုပ်တစ်ယောက် မျက်နှာမကောင်း ဖြစ်နေသည်။ ခွာဒိုညတွင် ကပ်လှိုင်နှင့် ကပ်ဆန်းမန်တို့ မောင်နှမကဲ့သို့ စည်းချက်လိုက်ကနေပေမယ့် နှစ်ဦးသား အကြည့်တွေက ရိုးရိုးခင်မင်မှုထက်ပိုနေသည်။ ကပ်လှိုင် ဘဝတွင် အချစ်ကို စတွေ့နေပေပြီ။

ညသည်မှောင်နေရာမှ လင်းလာသည်။ လက်ချင်းချိတ်ကနေကြပေမယ့် လူရှိနေ၍ ကပ်လှိုင်အတွက် စကားပြောရန် အခွင့်မသာ။ ချစ်ကြိုက်ကြောင်း ရင်ဖွင့်ပြောပြချင်သည်။

"ဘယ်နေ့ပြန်မှာလဲ" ကပ်ထန်းမန်၏အမေးကို ကပ်လှိုင် မဖြေနိုင်။ ဒီမြို့လေးတွင် သူပျော်နေပေပြီ။ ညအိပ်ရာဝင်ချိန်တွင် အိပ်မပျော်၊ အတွေးက ကပ်ဆန်းမန်ထံ ရောက်နေသည်။ သာယာလွန်းသော ညဖြစ်၍ ကပ်လှိုင်တစ်ယောက်မအိပ်ချင်သေး။

ကပ်ဆန်းမန် အကြောင်းတွေးနေရင်း လူးလိမ့်ကာ အချိန်ကြာလာသည်နှင့်အမျှ သန်းခေါင်ကြက်တွန်သံကို ကြားရသည်။ ကပ်ဆန်းမန်ကို ချစ်မိသည့် အချစ်ဆူးကြောင့် စွဲလမ်းခြင်းဝေဒနာကို ကပ်လှိုင် ပြင်းထန်စွာ ခံစားနေရပေပြီ။**(ဆက်လက်ဖော်ပြပါမည်။)**

# မိုးလေဝသဆိုင်ရာ ဗဟုသုတများပါဝင်သည့် ဝတီဘုံနန်းမှ တိမ်ရောင်စုံများ စာအုပ်ထွက်ရှိ




မိုးလေဝသပညာရှင်တစ်ဦး ဖြစ်ပြီး လက်ရှိတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် ညွှန်ကြားရေးမှူး တာဝန်ထမ်း ဆောင်နေသူ ကျော်လွင်ဦး(မိုး/ ဇလ) ရေးသားသည့် မိုးလေဝသ ဆိုင်ရာ ဗဟုသုတဆောင်းပါးများ ကို စုစည်းတင်ပြထားသော "ဝတီဘုံနန်းမှ တိမ်ရောင်စုံများ" စာအုပ်ထွက်ရှိပြီး စိတ်ကူးချိုချို စာအုပ်တိုက်တွင် ဝယ်ယူရရှိနိုင်ပြီ ဖြစ်သည်။ (ဓါတ်ပုံ)

အဆိုပါစာအုပ်တွင် မိုးကောင်း ကင်မှာ မြင်တွေ့ရသော တိမ်များ ၏ ပုံဖွဲ့ဘာန်နှင့် မိုးရွာခြင်း၊ လေမုန်တိုင်း တိုက်ခတ်ခြင်းနှင့် မုန်တိုင်းလမ်းကြောင်းများ၊ နေ့ ညအပူချိန် အခြေအနေများနှင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ် စဉ်များ စသည့်အကြောင်းအရာ များကို ရောင်စုံပုံများဖြင့် ရေးသား ဖော်ပြထားရာ ထိုစာအုပ်ဖတ်ရှု ပြီးပါက ရာသီဥတုဖြစ်စဉ်များကို ကိုယ်တိုင် ခန့်မှန်းနိုင်သည်အထိ ဗဟုသုတများ ရရှိနိုင်မည်ဖြစ် သည်။

ဆရာသည် မိုးလေဝသတိုင်း ထွာရေး၊ ခန့်မှန်းရေး လုပ်ငန်း အတွေ့အကြုံများကို အခြေခံပြီး သတင်းစာများတွင် ဆောင်းပါး များ ရေးသားလေ့ရှိပြီး ယခု စာအုပ်မှာ ဒုတိယမြောက်စာအုပ် ဖြစ်၍ ၂၀၂၀ ခုနှစ်က ဆောင်း- --နှင်း---မိုး--လေနှင့် ရာသီ ဥတုဆိုင်ရာ ဆောင်းပါးများ စာအုပ်ကို ထုတ်ဝေခဲ့ပြီးဖြစ်သည်။

**(မန္တလေးနေ့စဉ်-ဇ)**

၀-၀-၀-၀-၀-၀

# မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေး (Talk Show) ကျင်းပ

**မိုင်းယောင်း အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့တွင် "မူးယစ် ဆေးဝါး ထိရောက်စွာတိုက်ဖျက် အမျိုးသားရေးတာဝန်ဖြင့် ဆောင် ရွက်" ခေါင်းစဉ်ဖြင့် မူးယစ် ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိ ပညာပေး Talk Show ကို ယမန် နေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

အဆိုပါ (Talk Show)တွင် မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော် လင်းက မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပြဿနာကို အိမ်နီး ချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံ များနှင့် ထိန်းချုပ်ရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက် ပြီး နှစ်နိုင်ငံသတင်းများ ဖလှယ် ၍ ဓာတုပစ္စည်းများ လမ်းလွဲ မရောက်ရှိစေရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မျက် မှောက်ကာလ၌ ဓာတုပစ္စည်းများ နှင့် ထုတ်လုပ်ထားသည့် စိတ်ကြွ ရူးသွပ်ဆေးများ၊ အက်ဖက်တမင်း၊ ကတ် တမင်းနှင့် စိတ်ပျော်ဆေး ရည်ကဲ့သို့ လူလုပ်မူးယစ်ဆေးဝါး ပြဿနာများ ပိုမိုကြီးထွားလာရာ နိုင်ငံတော်နှင့် ပြည်သူလူထု တစ်ရပ်လုံးကို ခြိမ်းခြောက်နေ သည့် မူးယစ်ဆေးဝါးပြဿနာ အမြိုးမြိုးကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် အားသွန်ခွန် စိုက် ကြိုးပမ်းတိုက်ဖျက်ကြရမည် ဖြစ်ကြောင်း ဆွေးနွေးသည်။

ရုပ်သံကျွမ်းကျင်(၃) ဒေါ်နန်း စီဖောင်းက လူသားမျိုးနွယ်တစ် ရပ်လုံးနှင့်ဆိုင်သည့် မူးယစ်ဆေးဝါး ပြဿနာကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ရင်ဆိုင်ကြုံ တွေ့နေရကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် မူးယစ်ဆေးဝါးပပျောက် ရေးလုပ်ငန်းများကို နည်းလမ်း မျိုးစုံဖြင့် အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၁၉၆၁ ခုနှစ်တွင် မူးယစ်ဆေးဝါး ကွန်ဗင်းရှင်း၊ ၁၉၇၁ ခုနှစ်တွင် စိတ်ကိုပြောင်းလဲစေသော ဆေး ဝါးများဆိုင်ရာကွန်ဗင်းရှင်းနှင့် ၁၉၈၈ ခုနှစ်တွင် မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သယ်ဆောင်ရောင်း ဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက် ရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ ကွန်ဗင်းရှင်းတို့တွင် လက်မှတ် ရေးထိုးခဲ့ကြောင်း၊ ၁၉၉၃ ခုနှစ် တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ နည်းဥပဒေကိုပြဋ္ဌာန်းခြင်း၊ ၁၉၉၈ ခုနှစ်တွင် မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်း၊ ၁၉၉၉ ခုနှစ်တွင် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်းကို ဆွေးနွေး ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၅၀၅)**




# တိရစ္ဆာန်ကျန်းမာရေးလုပ်သားမွမ်းမံသင်တန်းဖွင့်လှစ်

**သရက် အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး၊သရက် မြို့နယ်အတွင်း မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်၍ လူမှုစီးပွား တိုးတက်စေရန်ရည်ရွယ်၍ မွေး မြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်ကျန်းမာရေး လုပ်သား မွမ်းမံသင်တန်းကို အောက်တိုဘာ ၃ ရက် နံနက် ၁၀နာရီက မြို့နယ် မွေးမြူရေး နှင့်ကုသရေးဦးစီးဌာန ရုံး၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦး က အဖွင့်အမှာစကားပြောကြား ရာ၌ မိရိုးဖလာ စိုက်ပျိုးမွေးမြူခြင်း မှ ခေတ်မီစိုက်ပျိုးမွေးမြူခြင်းသို့ ပြောင်းလဲကျင့်သုံးနိုင်ရန်နှင့် စိုက် ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် အသိပညာရှင်၊ အတတ် ပညာရှင်နှင့် လူ့စွမ်းအားအရင်း အမြစ်များ မွေးထုတ်ပေးနိုင်ရန် အတွက် သင်တန်းများ ဖွင့်လှစ်ရ ခြင်းဖြစ်ကြောင်း ပြောကြားသည်။

သရက်မြို့နယ် မွေးမြူရေး နှင့်ကုသရေးဦးစီးဌာနအနေဖြင့် တိရစ္ဆာန်ရောဂါကာကွယ် ထိန်း ချုပ်ခြင်းလုပ်ငန်းများတွင် တိရစ္ဆာန် ကျန်းမာရေးလုပ်သားများ၏ အရည်အချင်းမြင့်တက်လာစေ ရန်၊ တိရစ္ဆာန်ကျန်းမာရေး လုပ် သားများအင်အားဖြင့် တိရစ္ဆာန် ရောဂါကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတက်လာ စေရန်နှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် သင် တန်းသား ၂၀ ဦးအား သုံးရက် ကြာ စာတွေ့၊ လက်တွေ့အပြင် အပြန်အလှန်ဆွေးနွေးခြင်းများဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်ပြီးပါက တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက် မှုလုပ်ငန်းများကို ယခုထက် စနစ် တကျ ပိုမိုဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း သိရသည်။

**(ယာပုံ)**

**ဇော်ထက်(သရက်)**







## အဘိဓမ္မာနေ့ သီတင်းကျွတ်လပြည့်

* နတ်ပြည်ထက်ဝယ် ဝါဆိုပြုလို့
မြင့်မြတ်မှု ကြီးလှစွာ။
လူ့ပြည်သို့ ကြွကာမြန်း
ရောင်ခြည်လျှမ်းဖြာ။
ဟောမြွက်ကြားပေါ့ အဘိဓမ္မာ
သံသရာ လွတ်မြောက်ရေး။
သတ္တဝါတွေ ဝဋ်ဒုက္ခရယ်မှ
ကင်းပငြိမ်းအေး။

* ကြာပန်းရနံ့တို့ သင်းပျံ့မွှေးလို့
နက္ခတ်အသွေး အဿဝတီ။
ကျီးတာရာ ကောင်းကင်ထက်
လွှမ်းလျက်တည်သည်။
နှင်းစက်ပွင့်တို့ ပုလဲရည်
ဆွတ်ဖျန်းသီ အေးချမ်းမြ။
ဝါဆိုတွင်းအခါ ကင်းကာလွတ်ပါတဲ့
သီတင်းကျွတ်လ။

* ဗုဒ္ဓအရှင် လူ့ပြည်အကြွမှာဖြင့်
ပူဇော်သ ဆီမီးတွေ။
ဝဋ္ဋာတစ်ခွင် ရောင်စုံအဆင်း
တောက်ပလင်းနေ။
ကောင်းခြင်းစုံတဲ့ လပြည့်ပေ
မေတ္တာဝေ ကုသိုလ်ပွား။
ဂိုဏ်းဝင်ငါးဖြာ မြတ်ကျေးဇူးကိုပ
(ပြုမိအမှား အပြစ်ကင်းရအောင်)
ဦးချညွှတ်တွား။ ။

**သူ့ထက်ဆန်း(မန္တလေး)**



# သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)



သာသနာတော်နှစ် ၂၅၆၉ ခု၊ ကောဇာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ အောက်တိုဘာ ၆ ရက် တနင်္လာနေ့သည် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)ဖြစ်ပါသည်။ ဒီနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အတွက် နေ့ထူးနေ့မြတ်တစ်ရက် ဖြစ်ပါသည်။

အဘိဓမ္မာတရားတော်ကို မြတ်စွာဘုရားသည် ခြောက်ဝါအလွန် ခုနစ်ဝါအရောက် မဟာသက္ကရာဇ် ၁၀၉ ခုနှစ် သက်တော် ၄၂ နှစ်အရွယ်တွင် တာဝတိံသာ နတ်ပြည်ပင်လယ် ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်၌ မယ်တော်မိနတ်သားကို ကျေးဇူးဆပ်လိုသော ရည်ရွယ်ချက်ဖြင့် နတ်ဗြဟ္မာအပေါင်းတို့အား ဟောကြားတော်မူခဲ့သည်။ ဖြစ်ပေါ်လာပုံမှာ မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားနှင့် နတ်ဒေဝါအပေါင်းတို့အား ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ အစရှိသော အဘိဓမ္မာ ခုနစ်ကျမ်းကို ဟောတော်မူပြီး သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာနတ်ပြည်၌ ပဝါရဏာပြု၍ လူ့ပြည်သို့ ပတ္တမြားစောင်းတန်းမှ ဆင်းသက်တော်မူလာရာ လက်ယာဘက်တွင် ရွှေစောင်းတန်းဖြင့် နတ်တို့ခြံရံလိုက်ပါပြီး လက်ဝဲဘက်တွင် ငွေစောင်းတန်းဖြင့် ဗြဟ္မာမင်းတို့ ခြံရံလိုက်ပါလာလေသည်။

ထိုသို့ နတ်ဗြဟ္မာတို့ ခြံရံပြီး ကြွတော်မူလာသည့် မြတ်စွာဘုရားရှင်၏ တင့်တယ်သော အသရေတော်ကို ဖူးမြင်ကြရသောအခါ ၃၆ ယူဇနာအတွင်း၌ရှိသော ပရိသတ်အားလုံးပင် ဘုရားရှင်အား ဖူး၍ မဝနိုင်အောင် ဖြစ်ရချေသည်။ မြတ်စွာဘုရားရှင်အား ဖူးမြော်ရန် စောင့်နေကြသော လူအပေါင်းတို့ တောင်းပန်ကြသဖြင့် ရှင်မဟာမောဂ္ဂလာန်က ဘုရားရှင်အား မည်သည့်အခါ မည်သည့်အချိန်၌ လူ့ပြည်သို့ ဆင်းသက်လာမည်ကို လျှောက်ထားသောအခါ ဘုရားရှင်က ငါဘုရားအား ဖူးမြော်လို သူတို့သည် ရှာဦးကျောင်းသို့ ဥပုသ်သည်များ တရားနာသွားသကဲ့သို့ လာကြရမည်ဟု မိန့်ကြားတော်မူသည်ကို ရည်ရွယ်၍ ထိုနေ့၌ ဥပုသ်သီတင်းဆောက်တည်ခြင်းဖြစ်လေသည်။

မြတ်စွာဘုရားရှင်သည် လူ့ပြည်သို့ မဆင်းသက်မီ တာဝတိံသာနတ်ပြည်၌ ရေအစုံ၊ မီးအစုံ တန်ခိုးပြာဋိဟာ ပြတော်မူသည်။ မြတ်စွာဘုရားရှင်၏ တန်ခိုးတော်ကြောင့် စကြဝဠာတစ်ခုလုံး ဟင်းလင်းပြင် ဖြစ်သွားလေသည်။ ဘုရားရှင်၏ လောကဝိဝရဏတန်ခိုးတော်ကြောင့် လူနတ်ဗြဟ္မာ ငရဲသားအားလုံးတို့သည် တစ်ဦးကိုတစ်ဦး ထင်ရှားစွာ မြင်တွေ့ကြရသည်။ သီတင်းကျွတ်လပြည့်နေ့သည် ဝါတွင်းသုံးလ၏ နောက်ဆုံးနေ့ဖြစ်သဖြင့် ဝါဆိုတော်မူကြကုန်သော သံဃာတော်တို့ လွတ်လွတ်ကျွတ်ကျွတ် သီတင်းသုံးနိုင်ကြလေသည်။

တစ်နည်းအားဖြင့် ရဟန်း၊ သံဃာတော်များ ဝါမှထသောနေ့၊ ပဝါရဏာပြုကြသောနေ့၊ မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူပြီး အောင်မြင်စွာ ပြီးဆုံးသောနေ့၊ အဘိဓမ္မာအခါတော်နေ့ဟု ခေါ်တွင်ကြသောနေ့၊ မြတ်စွာဘုရားရှင် နတ်ဗြဟ္မာအပေါင်း ခြံရံလျက် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ ဆင်းသက်တော်မူသောနေ့၊ ဗြဟ္မာ၊ နတ်၊ လူအပေါင်းတို့က မြတ်စွာဘုရားရှင်အား အတူတကွ ဖူးမြော်ပူဇော်ကြသောနေ့ လောကဝိဝရဏ တန်ခိုးတော်ကြောင့် စကြဝဠာတစ်ဝန်းလုံး တိုးလျှိုပေါက်မြင်ရသောနေ့၊ ထိုကဲ့သို့ဝိသေသအထူးထူးနှင့်ပြည့်စုံသော နေ့ထူးနေ့မြတ်သည် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)ပင် ဖြစ်ပါတော့သည်။

(၅၀၄)

## မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာမိသားစု (၁၃၅)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး အောက်တိုဘာ ၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆ လမ်း၊ ၆၈ လမ်းနှင့် လမ်း ၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများက စုပေါင်း၍ အပတ်စဉ်(တနင်္ဂနွေနေ့)တွင် လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော သံဃာတော်များနှင့် သာမဏေများအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှကြွရောက်တော်မူကြသော သံဃာတော်များနှင့် သာမဏေအပါး ၂၀၀ ကျော်အား ယနေ့နံနက်ပိုင်းက (၁၃၅)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ဝက်မုန့်ညင်းချဉ်ကြော်၊ ဂေါ်ရခါးသီးကြော် တို့ကို ၃၆လမ်းနှင့် ၆၉ လမ်းထောင့်တွင် ပြင်ဆင်၍ နံနက် ၅ နာရီခွဲမှစတင်ကာ ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ သံဃာတော်များနှင့် သာမဏေများအား ပင့်ဖိတ်ထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)



တံတားနှင့် လမ်း၊ ဆေးခန်းနှင့် ကျောင်း၊
ဆည်မြောင်းနှင့် ကန်၊ သစ်ပင်ရုံမှ၊ သဏ္ဍာန်လှပ
ပန်းရလိမ့် ။



## မဟာလောကရံသီအိမ်တော်ရာ စေတီတော်မြတ်ကြီး၏ (၁၇၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် သံဃဒါနဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၅**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟောမာအရှေ့ရပ်ကွက်ရှိ သမိုင်းဝင် မဟာလောကရံသီအိမ်တော်ရာ စေတီတော်မြတ်ကြီး၏ (၁၇၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်သံဃဒါနဆွမ်းတော်ကြီး လောင်းလှူပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၆ နာရီက အဆိုပါ စေတီတော်ရင်ပြင်တွင် ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းကြပြီး ပင့်သံဃာအပါး ၆၀၀ကို ဆွမ်းသပိတ်လုံးနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူကြသည်။

(အပေါ်ပုံ)

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်ကို အောက်တိုဘာလ ၃ ရက် ညပိုင်းတွင် ဆွမ်းတော်ပွဲများ ပြင်ဆင်လှူဒါန်းခြင်း၊ စည်တော်ကြီးအဖွဲ့ဖြင့် ဧည့်ခံဖျော်ဖြေခြင်း၊ စက်တင်ဘာလ ၁၉ ရက်မှစတင်ကာ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ခြင်းအလှခတ်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

(၀၇၂)

၀-၀-၀-၀-၀-၀

## ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်သို့ ကထိန်ပဒေသာပင်များ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၅**

မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန ပဓာနနာယကဆရာတော် (၁၈)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ဖြစ်မြောက်ရေး နာယကဆရာတော် ဘဒ္ဒန္တတိက္ခ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၏ အသင်းချုပ်ရုံး(မန္တလေး)သို့ မိုးပေါ်ကျကထိန်၊ နယ်စပ်တောင်တန်းကထိန်နှင့် ရှင် ၁၀၀ ပြုပွဲအတွက် ရပ်ဝေးရပ်နီးတို့မှ အလှူရှင်များ လာရောက် လှူဒါန်းလျက်ရှိရာ မန္တလေးမြို့နေ အလှူရှင် ဦးလင်းထိန်+ ဒေါ်ခင်အေးချို၊ (သမီး) မဖြိုးထက်ပွင့်၊ မခိုင်ဇာဇာထွန်း မိသားစုက ငွေကျပ် တစ်သိန်းတစ်သောင်းဖြင့် ပဒေသာပင်တစ်ပင်၊ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ အလှူရှင် ဒေါ်ခင်လှမြင့် မိသားစုက ကထိန်ပဒေသာပင်တစ်ပင်၊ မန္တလေး၊ မြစ်ငယ်မြို့နေ အလှူရှင် ဦးတင်မြင့်+ဒေါ်ခင်စန်း (မြင့် ဆေးဆိုင်) မိသားစုက ပဒေသပင်တစ်ပင်၊ မန္တလေး၊ မြစ်ငယ်မြို့နေ အလှူရှင် ဒေါ်စန္ဒာမြင့်၊ ဒေါ်သီတာမြင့်တို့က ပဒေသာပင်တစ်ပင်၊ မန္တလေးမြို့နေ အလှူရှင် ဦးလင်းထိန်+ ဒေါ်ခင်အေးချို၊ (သမီး)မဖြိုးထက်လွင်၊ မခိုင်ဇာဇာထွန်း မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေး၊ ပုသိမ်ကြီးနေ အလှူရှင် ဦးကိုကို+ ဒေါ်ငွေငွေ မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ အလှူရှင် ဒေါက်တာနေလဝင်း+ ဒေါ်နုနုဝင်း မိသားစုက (သမီး)မလှယဉ်မင်း၏ (၆)လပြည့်အား ရည်စူး၍ ပဒေသာပင် ၁၀ ပင်၊ မန္တလေးမြို့နေ သုဓမ္မမဏိဇောတဓရ ဒေါက်တာသန်းထွန်းဦး+ ဒေါ်ထိုက်ထိုက်ဦး (သမီး)မခေတ်ရတီထွန်း၊ မသော်ဝတီထွန်း(သန်းကြွယ်ကမ္ဘာ့ကုမ္ပဏီလီမိတက်)သိန်းသန်းစက်မှုလက်မှုလုပ်ငန်းက ပဒေသာပင်တစ်ပင် တို့ကို ယမန်နေ့က လှူဒါန်းကြရာ ဗုဒ္ဓဘာသာသာသနာ ပြန့်ပွားရေးအသင်းချုပ်ရုံး (မန္တလေး) ဥက္ကဋ္ဌ ဦးလှဝင်းနှင့်အဖွဲ့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(အောက်ပုံ)(၀၄၉)



# အိုဘယ့်ချင်းမိုင်(၁၃)



'တော်ဝင်ပန်းဥယျာဉ်'
ပန်းပေါင်းစုံ သည်ဝန
ပြောပြ၍ မကုန်နိုင်ပါ၊
လေပြည်လာသုတ်ကာသိမ်း
ပန်းယိမ်းပမာ၊
တော်ဝင်တဲ့ ပန်းခြံမဟာ
ဗိမာန်သာတည်ထား၊
မြို့ချင်းမိုင် နောက်တောင်ဖျားမှာ
နတ်တို့ပြည်လား။

တော်ဝင်ပန်းဥယျာဉ်သည် ချင်းမိုင်မြို့ရှိ Royal Park Rajapruek ကို ဆိုလိုသည်။

မရွှေမိနှင့် မကေသီတို့အဖွဲ့က တစ်ယောက်နှင့်တစ်ယောက် လက်ချင်းချိတ်ကာ နန်းတော်အရှေ့ဂိတ်ဝကို နောက်ခံပြု၍ ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ခိုတွေကိုအစာကျွေးသည်။ ခေတ္တအကြာ ခိုများကို ခြောက်လှန့်လိုက်သောအခါ နေခြည်နုအောက်တွင် ခိုများထခုန်ကာ ပျံတက်ကြသည်။ သည်ခိုပျံများနှင့်အတူ သူတို့ ဓာတ်ပုံရိုက်ကြသည်။ ဗီဒီယိုရိုက်သူက ရိုက်သည်။

ဩော်····သည်နေရာကား သန့်ရှင်းစွဲမက်ဖွယ် လေထု၊ ဓာတ်ပုံရိုက်ရန် အခွင့်ကောင်းနေရာ၊ သည့်နောက်ဒေသခံများနှင့် အတူ အပန်းဖြေနိုင်သေးသည်။ ထိုအချိန် ကျွန်တော့်လက်ကိုင်ဖုန်းတွင် ခရီးသွားကုမ္ပဏီတစ်ခု၏ ကြော်ငြာဝင်လာသည်။ "ချင်းမိုင်မြို့တော်ဟောင်းတွင် ဆွဲဆောင်မှုရှိသည့်နေရာတစ်ခုကို ရှာဖွေနိုင်ပါသည်။ သည်ဂိတ်မှသည် မြင့်မြတ်သောဘုရားစေတီနှင့် ကျောင်းများဆီသို့ အေးအေးဆေးဆေးလမ်းလျှောက်သွားပါ။ ထိုနေရာတွင် လန်နနိုင်ငံတော်၏ ပုံဝတ္ထုဇာတ်လမ်းအမျိုးမျိုးကို ကြားရပေလိမ့်မည်။ ထို့ပြင် အရေးကြီးဖြစ်ရပ်များနှင့် ချင်းမိုင်မြို့၏သမိုင်းပုံရိပ်ကို ဖော်ထုတ်နိုင်ပေလိမ့်မည်။ သည့်နောက် သင်၏လမ်းလျှောက်ခြင်းကို ဝါရော့(Warrot)ဈေးမှာ ရပ်လိုက်ပါ။ ဈေးထဲမှာ ထိုင်းနိုင်ငံမြောက်ပိုင်း၏ စစ်မှန်သည့် ဒေသရိုးရာအစားအစာတွေကို မြည်းကြည့်လိုက်ပါတဲ့"။

ကျွန်တော်သည် ချင်းမိုင်ခရီးသွားကုမ္ပဏီတစ်ခု၏ကြော်ငြာစာကို စိတ်ဝင်တစားဖတ်ရှုနေစဉ် "ဦးလေး ခရီးဆက်ရအောင်"တဲ့။ ဖိလိယူ ဦးဆောင်သော ကားဆရာသုံးဦးမှာ ကျွန်တော့်ကို ကားရပ်ထားသောလမ်းတစ်ဖက်မှ လက်ပြခေါ်နေကြသည်။

## တော်ဝင်ပန်းဥယျာဉ်(Royal Park Rajapruek)သို့

ကျွန်တော်တို့ ယဉ်ကျေးမှုနှင့် ဒေသန္တရလေ့လာရေးအဖွဲ့ ချင်းမိုင်မြို့အနောက်တောင်ဘက် ဆင်ခြေဖုံးရှိ တော်ဝင်ပန်းခြံသို့ ခရီးဆက်ကြသည်။ ကျုံး၏အရှေ့တောင်ထောင့်၊ ကျုံးနဖူးတွင် ဆင်ဖြူရုပ်သုံးရုပ်ကို တွေ့ရသည်။ ထို့ကြောင့် ကျုံးအရှေ့ဂိတ်ကို ဆင်ဖြူဂိတ်ဟု အလွယ်ခေါ်လေသလား။ ကျွန်တော်တို့ စီးလာသော ဟိုင်းအေ့ကားတို့သည် ကျုံးတောင်ဘက်လမ်းအတိုင်း အနောက်သို့ ဦးတည်မောင်းနေကြရာ မကြာမီ မြို့တောင်ဘက် မျက်နှာနန်းတော်ဂိတ်ကို တွေ့ရသည်။ ကမ္ပည်းကျောက်စာတွင် သည်ဂိတ်ကို ဆင်ပေါင်(Saen Pong)ဂိတ်ဟုခေါ်ကြောင်း မှတ်တမ်းတင်ထားသည်။

ဂိတ်အဝင်လမ်းသည် ခေတ်မီနိုင်လွန်ကတ္တရာလမ်းဖြစ်၏ နန်းတော်တံခါးကို မတွေ့ရတော့ဘဲ လမ်း၏တစ်ဖက်တစ်ချက်၌ လူသွားပလက်ဖောင်းနှင့် နန်းမြို့ရိုး လက်ကျန်အုတ်ရိုးအဟောင်းကို မူလအတိုင်း တွေ့မြင်ရသေး၏။ မြို့ရိုးအတွင်း ကတ္တရာလမ်းတစ်ဖက်တစ်ချက်၌ ခေတ်မီတိုက်တာ အဆောက်အအုံများကို တွေ့မြင်ရ၏ သည်ဂိတ်က မြို့အရှေ့မျက်နှာသာပေး ဂိတ်လောက် မစည်ကားလှချေ။

တော်ဝင်ပန်းဥယျာဉ်မှာ မြို့၏အနောက်တောင်ဘက် ၈ ကီလိုမီတာမျှ ကွာဝေး၏။ ကားမောင်းချိန် မိနစ် ၂၀ ခန့်ကြာသောအခါ စိမ်းစိမ်းစိုစိုရှိသော နှစ်ရှည်ပင်ကြီးများနှင့် အုံ့ဆိုင်းနေသည့် တော်ဝင်ပန်းဥယျာဉ်ရှေ့သို့ ရောက်ရှိလေတော့သည်။ တော်ဝင်ပန်းဥယျာဉ်မှာ ချင်းမိုင်ရောက်လျှင် မလွဲမသွေသွားရောက်လည်ပတ်လေ့လာသင့်သည့်နေရာတစ်ခုဖြစ်၏ သည်ဥယျာဉ်ကြီးအတွင်း၌ ထိုင်းပြည်သူတို့ ချစ်မြတ်နိုးသော န၀မမြောက် ရာမဘုရင်ကြီး နန်းတက် ၆၀၊ သက်တော် ၈၀ ပြည့် အထိမ်းအမှတ် ဗိမာန်အဆောက်အအုံ (Royal Pavilion)တည်ရှိနေပါ၏။

အုံ့မှုဖွယ်ကောင်းလွန်းသည်။ သည်ဥယျာဉ်ကြီးအတွင်းဝင်ရောက်ရန် ဝင်ကြေးဘတ် ၂၀၀ သတ်မှတ်ထား၏။ ပန်းဥယျာဉ်ကို နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထား၏။ တကယ်ဆိုမူ သည်ပန်းဥယျာဉ်က မြို့ချင်းမိုင်၏အသည်းနှလုံး၊ သင့်ကိုနွေးထွေးစွာ ထွေးပိုက်ထားမည့်နေရာတစ်ခု၊ ပန်းမျိုးတစ်ရာမက သာသည့်ဥယျာဉ်၊ လမ်းညွှန်စနစ်ပုံတွင် ဖော်ပြချက်အရ ဤတော်ဝင်ဥယျာဉ်ကြီးမှာ ဧက ၂၀၀ ကျယ်ဝန်းလေသည်။ ဥယျာဉ်တောင်ဘက်အဝင်၌ လမ်းမခြားလျက် ချင်းမိုင် Night SaFari အနောက်ဘက်တွင် ချင်းမိုင် စိုက်ပျိုးရေးသုတေသနစင်တာ၊ အရှေ့ဘက်တွင် ဒြိုင်ခွမ် (Dri Kham) ဘုရားကျောင်းဥယျာဉ်၏မြောက်ဘက်တွင် သစ်ပင်တောအုပ်များ ရှိလေသည်။

ဆင်ဖြူသည် ထိုင်းနိုင်ငံ၏အထိမ်းအမှတ် ရတနာဖြစ်သည်။ ဥယျာဉ်တောင်ဘက် အဝင်ဂိတ်ဝ၌ ဤဆင်ဖြူတော်အရုပ်များကို တွေ့ရသည်။ ဥယျာဉ်တော်၏အလယ်အူကြောင်းလမ်းမသည် ဥယျာဉ်တော်မြောက်ဘက်ရှိ တော်ဝင်နန်းတော်ဆောင် အဆောက်အအုံ (Royal Pavilion)သို့ ဦးတည်ထားသည်။ လမ်းအူကြောင်းပေါ်တွင် အင်္ဂတေအဝိုင်း၊ ထီးဖြူသုံးလက်ပါ နန်းတော်အထိမ်းအမှတ် ကျောက်တိုင်၊ သစ်ရွက်ပုံလမ်းကွေးနှစ်ခု၊ ထိုနှစ်ခုဆုံရာ စကြာပွင့်ပုံပါရှိသော ကွန်ကရစ်အဝိုင်း၊ ထိုမှနှစ်ပြခန့်ရှည်လျားသော နန်းတော်ဗိမာန်အဝင်လမ်း၊ ထို့နောက် နန်းတော်ဗိမာန်ပတ်လမ်းနှင့် တောအုပ်များ။

လမ်းအူကြောင်းလမ်းမ ယာဘက်တွင် သစ်ဥယျာဉ်၊ ပန်းမျိုးစိတ်များသုတေသနစင်တာ၊ သစ်ဝ္ဂဂူ၊ အဖူးမျိုးဆက်ပွားသုတေသနခြံ၊ ကလေးကစားကွင်း နဝမမြောက်ရာမဘုရင်ကြီး ဂုဏ်ပြုအထိမ်းအမှတ်ဥယျာဉ်နှင့် သီးသန့်တော်ဝင်အပန်းဖြေနေရာ လမ်းအူကြောင်းလမ်းမ၏ဘယ်ဘက်တွင် ဥယျာဉ်ပြခန်းစင်တာ(၁)၊ ဥယျာဉ်ပြခန်းစင်တာ(၂)၊ Bonsai ဥယျာဉ်၊ ဒေသဆိုင်ရာအပင်များဥယျာဉ်၊ ဒေသဆိုင်ရာအစိုးရသီးသန့်နေရာ၊ အရိပ်ရပင်များဥယျာဉ်၊ ဂမုန်းဥယျာဉ်၊ ကြာပန်းဥယျာဉ်၊ အစိမ်းရောင်ကန္တာရပင်များဥယျာဉ်၊ နှင်းဆီဥယျာဉ်နှင့် ပန်းကတ္တီပါကြီးဟု တင်စားပြောဆိုရမည့် ဝါ၊ စိမ်း၊ နီ၊ ခရမ်း၊ မဲနယ်၊ လိမ္မော်၊ အညို စသည့် အရောင်အသွေးစုံ ပန်းခင်းကြီးများ ထို့ပြင် လမ်းအူကြောင်းလမ်းမကြီး၏ တစ်ဖက်တစ်ချက်တွင် မကြီးလွန်း၊ မငယ်လွန်းသော ရေကန်နှစ်ခု၊ ဥယျာဉ်အဓိကလမ်းမနှင့် ပတ်လမ်းအသီးသီးတွင်လည်း ခေတ်မီ မီးတိုင်၊ မီးအိမ်များက အစီအရီ။

ဤသို့ ဥယျာဉ်ကြီးထဲတွင် အရောင်အသွေးစုံ၊ အမျိုးအစားစုံသော ပန်းမျိုးတို့ကို အချိုးကျကျ၊ အကွက်လှလှ၊ ခေတ်မီမီ စနစ်ကျသော မြေယာရှုခင်းဖန်တီးမှုပညာဖြင့် စီမံဖန်တီးထားရာ တစ်ခုချင်းအကြောင်းရေးနေလျှင် စာရှည်မည်ဖြစ်၍ ဤဆောင်းပါးတွင် တော်ဝင်ဗိမာန်(Royal Parvilion)အကြောင်းကို အဓိကတင်ပြပါမည်။

## နန်းတော်ဗိမာန်အဝင်လမ်းမ

လျှောက်လမ်းမသည် နန်းတော်ဥယျာဉ်အူကြောင်းနှင့် တစ်ဆက်တည်း ၂၄ ပေခန့်ကျယ်သော ကွန်ကရစ်လမ်းဖြစ်၏။ လမ်းမကြီး၏တစ်ဖက်တစ်ချက်တွင် နဝမမြောက် ရာမဘုရင်ကြီးသက်တော်ထင်ရှားရှိစဉ်က တိုင်းကျိုးပြည်ပြုဆောင်ရွက်ချက် ကမ္ပည်းမော်ကွန်းတိုင်များကို ဓာတ်ပုံနှင့်တကွ စိုက်ထူထား၏ လန်နရိုးရာနီညိုရောင် အုတ်ကြွပ်မိုး ဘုံတစ်ဆင့်ပါ အမိုးနှင့် ပန်းတော့လက်ရာအဖြူရောင်အင်္ဂတေတိုင်နှစ်ခုအတွင်း ကမ္ပည်းမှတ်တမ်းဘုတ်(BOARD)ကို စိုက်ထူ၏ ကမ္ပည်းတိုင်တို့ကို ကျောခိုင်း၍ သမာဒေဝနတ်နှစ်ပါးက လက်အုပ်ချီထား၏။ တကယ်ပင် ရိုးရာဟန် ပေါ်လွင်ပါသည်။ လမ်းဘေးမီးတိုင်တို့သည် နွယ်ပင်ပုံအပေါ်ဘက်၌ ကွေးညွတ်၍ မီးသီးနေရာကို အဖူးသဏ္ဌာန်ပြုလုပ်ထားသည်။

ကားလမ်းသည် မီးတိုင်တို့နှင့်အပြိုင် တစ်ဖက်တစ်ချက်၌ အပြိုင်ဖောက်ထားကာ နန်းတော်ဗိမာန်အခြေ၌ ဗိမာန်ကိုဝိုင်းပတ်၍သွား၏။ ကားလမ်း၏တစ်ဖက်တစ်ချက်တွင် သေသပ်လှပစွာ ပုံဖော်ထားသော မြက်ခင်းစိမ်းနှင့် ပုဏ္ဍရိပ်စည်းရိုး၊ နန်းတော်ဗိမာန်၏အနောက်ဘက်မလှမ်းမကမ်းတွင် အလျား ပေ ၂၀၀၊ အနံ ပေ ၁၀၀ခန့်ရှိသော ရေကန်သည် လှပသောဥယျာဉ်အလယ်တွင် ဘုံဝတီက နန္ဒာကန်ပင်လောဟု ထင်မှတ်မှားရပြန်သည်။

## တော်ဝင်ဗိမာန်(Royal Pavilion)

ချင်းမိုင်မြို့ တော်ဝင်ဗိမာန်အဆောက်အအုံကို တိုင်းပြည်သူတို့ လေးစားချစ်ခင်ကြည်ညိုသော နဝမမြောက် ရာမဘုရင်ကြီး "ဘူမိဘောအဒူယာဒက်"သက်တော် ၈၀နှစ်၊ နန်းစံနှစ် ၆၀ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုသောအားဖြင့် ခရစ်သက္ကရာဇ် ၂၀၀၆ ခုနှစ်တွင် တည်ဆောက်ခဲ့ပါသည်။ လန်နယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအချက်အချာ၊ လန်နဘုရင်များ၏အုပ်ချုပ်ရေးဗဟိုပြုရာဒေသအဖြစ် တော်ဝင်ဘုရင်မိသားစုနှင့် အနွယ်ဝင်များက မှတ်ယူခဲ့ကြသည်။

ထိုင်းနိုင်ငံသား အကျော်အမော် ဗိသုကာပညာရှင်တစ်ဦးက ပုံစံပြုရေးဆွဲပြီး ချင်းမိုင်နယ် ကျေးလက်ဒေသခံ လန်နရိုးရာလက်မှုပညာသည် ၁၀ ဦး၊ ပန်း ၁၀ မျိုး အနုပညာရှင်များ၊ တည်ဆောက်ရေးလုပ်သား ၂၀၀ ကျော်နှင့် တစ်နှစ်နှင့် ခြောက်လအချိန်ယူ၍ ထူးထွေဆန်းပြား၊ အံ့သြကုန်နိုင်ဖွယ်ဖြစ်သော ရှေးလန်နယဉ်ကျေးမှုလက်ရာပြယုဂ်ဟု ဆိုနိုင်သည့် ဤတော်ဝင်ဗိမာန်အဆောက်အအုံကို တည်ဆောက်ခဲ့ပါသည်။

ဗိသုကာအနုပညာလက်ရာမြောက် တည်ဆောက်ထားသော ဗိသုကာအနုပညာလက်ရာမြောက် ဤဗိမာန်အဆောက်အအုံကို အင်္ဂတေတစ်ဝက်၊ သစ်သားတစ်ဝက်နှင့် တည်ဆောက်ခြင်းဖြစ်သည်။ ပေါ်လွင်သောအရောင်မှာ အဖြူရောင်နှင့် နီညိုရောင်ဖြစ်မြင့်သောအောက်ခံအခြေပေါ်တွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ မြေညီထပ်မှာ အုတ်၊ အင်္ဂတေဖြင့်တည်ဆောက်ထားပြီး ပေါ်လွင်သောအရောင်မှာ အဖြူရောင်ဖြစ်သည်။ အပေါ်ထပ်အဆောက်အုံမှာ နီညိုရောင်ဖြစ်ပြီး ကျွန်းသစ်ကို အဓိကအသုံးပြုထားသည်။

အမိုးမှာ ထိုင်းတို့၏ ဘုံသုံးဆင့်လည်ပေါ် နှစ်ထပ်ဖြစ်ပြီး အနည်းငယ်ကော့လန်သောသဏ္ဌာန်ရှိ၍ နီညိုရောင်အုတ်ကြွပ်မိုးထားသည်။ ရှေးလန်နဘုရင်တို့၏ရိုးရာနန်းတော်ဓလေ့ထုံးတမ်းနှင့်အညီ ဆောက်လုပ်ထားသည့် ဤအဆောက်အအုံများ ထိုင်းပြည်သူတို့ ကြည်ညိုလေးစားသော နဝမမြောက် ရာမဘုရင်ကြီး၏ ဘုန်းတန်ခိုးနှင့် ဩဇာဂုဏ်သတင်းကို ညွှန်ပြနေပါသည်။ သာမန်ပြည်သူတို့ မစွမ်းနိုင်သော ဤတော်ဝင်ဗိမာန်နှင့် ဥယျာဉ်ကြီးကို ဘုရင်ကြီးက အုပ်ချုပ်သူတစ်ဦးအနေဖြင့် ဦးဆောင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဤအဆောက်အအုံကိုဆောက်လုပ်ရာတွင် သံမှိုများကို မသုံးစွဲပါ။ ထုတ်၊ ယောက်၊ ဒိုင်းနှင့် ရက်မတို့ကို တွဲဆက်ရာတွင် ရိုးရာသစ်သားဖို့(စရွေးထွင်းဖောက်စွပ်၍)တို့ကို အသုံးပြုထား သည်။ ဝန်အားကိုခံနိုင်အောင် ဆောင်ရွက်သည်။ ဤသည်ကို ရှေးလန်နဗိသုကာပညာရှင်များ အသုံးပြုသည့်နည်းလမ်းများထဲက တစ်ခု(Ma Tang Mai)ဟု အမည်ရသည်။

အဆောက်အအုံအတွင်း၌ ယွန်းအနုပညာပန်းလက်ရာတို့ဖြင့် အနုစိတ်ပုံဖော်ထားသော ကျွန်းတိုင်လုံးကြီး ရှစ်လုံး၊ ကိုယ်ကျင့်တရားဆိုင်ရာ စံပြုပန်းချီကားများ၊ ထိုင်းတို့၏ကိုယ်ပိုင်ဟန်လက်ရာပန်းချီကားများ၊ နန်းဓလေ့ဆိုင်ရာပန်းချီကားများ၊ ထို့ပြင် အနုပညာလက်ရာမြောက် စံပြုသစ်ပင်သည် နန်းတော်ဗိမာန်၏အလယ်ဗဟို၌ ရှိသည်။ ကြာပန်းသဏ္ဌာန် ကြာဖူးကြီး ကိုးခုပါရှိ၍ ထိုအဖူးတို့တွင်ရှိသော အရွက်ပေါင်းမှာ ၂၁၉၁ ရွက် ရှိလေသည်။ ဤအဖူးအရေအတွက်ကား မည်သည့်အဓိပ္ပာယ်ကို ဆောင်လေသနည်း။

အဓိပ္ပာယ်မှာ ပြည်သူတို့လေးစားကြည်ညိုသော ဘုန်းတန်ခိုးကြီးသော ဘုရင်ကြီးသည် နန်းစံသက် ၆၀ ထက်ပို၍လည်းကောင်း (သို့မဟုတ်) ဤကြာပွင့်များအရေအတွက်ထက်လည်းကောင်း နန်းသက်ရှည်စွာ အုပ်ချုပ်နိုင်ပါစေသတည်းဟူ၍ ပြည်သူတို့က ဆုတောင်းခြင်းပင် ဖြစ်ပါသည်။

သန်းစိုးအောင်

# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ဝမ်းဗိုက်က အဆီတွေကို ချေဖျက်ပေးမယ့် အသက်ရှူလေ့ကျင့်ခန်း

အိပ်နေရင်းနဲ့ အလွယ်တကူ ပြုလုပ်လို့ရမယ့် လေ့ကျင့်ခန်း တစ်ခုကို မျှဝေပေးသွားပါမယ်။ စိတ်ကိုလည်း ငြိမ်သက်စေပြီးတော့ ဝမ်းဗိုက်ကို ချပ်ပေးမယ့် လေ့ကျင့်ခန်းဖြစ်ပါတယ်။

Iron ခေါ်တဲ့ ဒီနည်းစနစ်နဲ့ လေ့ကျင့်ခန်းလုပ်မယ်ဆိုရင်တော့ ဝမ်းဗိုက်က ကြွက်သားတွေကို သန်မာလာစေမှာဖြစ်ပြီး တစ်လအတွင်း ဗိုက်သိသိသာသာ ချပ်စေမှာပါ။ ပုံမှန်ပြုလုပ်ဖို့တော့ မမေ့ပါနဲ့။ တစ်နေ့ကို ငါးကြိမ် လုပ်ပေးရမှာ ဖြစ်ပါတယ်။

နံနက်စောစော နံနက်စာ မစားခင် လုပ်ပေးတာဟာ ပိုပြီး ကောင်းမွန်ပါတယ်။ အစပိုင်းမှာ ခက်တယ်လို့ ထင်ရပေမယ့် နောက်ပိုင်းမှာ ပိုပြီး အဆင်ပြေသွားမှာပါ။

၁။ အရင်ဆုံး ကျောလှဲလိုက်ပါ။ လက်ကို ဝမ်းဗိုက်ပေါ်တင်ထားတာဖြစ်ဖြစ် ဘေးချထားတာပဲဖြစ်ဖြစ်ရပါတယ်။ ကြွက်သားတွေကို သက်သောင့်သက်သာ ရှိစေဖို့ ဒူးကွေးပြီး ထောင်ထားပါ။ ပြီးရင် အသက်ပြင်းပြင်း ရှူပြီး ဝမ်းဗိုက်ကို ချပ်နိုင်သလောက် ချပ်ထားပေးပါ။

၂။ ပြီးရင် ၁၀ စက္ကန့်ကနေ ၁၅ စက္ကန့်အထိ နေပေးပါ။ ပြီးရင် အသက်ရှူထုတ်ပြီး ဗိုက်ကို နဂိုအတိုင်းပြန်ထားပါ။

၃။ ပြီးရင် အသက်နည်းနည်း ရှူပေးပြီး ထုတ်ပေးပါ။ အဲ့ဒီနောက် အသက်ကို ခပ်ပြင်းပြင်းထပ်ရှူပြီး ၁၀ စက္ကန့်ကနေ ၁၅ စက္ကန့်အထိ ဗိုက်ကို ချပ်ထားပေးပါ။ ပြီးရင် အသက်ပြန်ရှူထုတ်ပေးပါ။

၄။ ပြီးရင် အသက်ဖြည်းဖြည်း ရှူပြီး ထုတ်ပေးပါ။ အဲ့ဒီနောက် စောစောကလိုပဲ အသက်ပြင်းပြင်းပြန်ရှူပြီး ကိုယ်တတ်နိုင်သလောက် ဗိုက်ချပ်ထားပေးပါ။ ပြီးရင် ပြန်ရှူထုတ်ပါ။

တစ်နေ့ကို ငါးကြိမ်လောက် လုပ်ပေးပြီး နံနက်စာ မစားခင် (သို့မဟုတ်) ညအိပ်ရာမဝင်ခင် လုပ်ပေးသင့်ပါတယ်။

**အောင်မျိုးမြတ်(မန္တလေး)**
**ကိုးကား–Internet**



## ဖျားနာနေချိန်မှာ ဒါတွေ စားသုံးပေးပါ

**ချင်း(ဂျင်း)ရေနွေးကြမ်း**

ပျို့ချင်အန်ချင်စိတ်ကို သက်သာစေပြီး ရောင်ရမ်းမှုကို လျော့ကျစေပါတယ်။

**ကြက်စွပ်ပြုတ်**

အအေးမိ၊ တုပ်ကွေးဝေဒနာကို သက်သာစေပါတယ်။

**ကြက်သွန်ဖြူ**

ကိုယ်ခံအားစနစ်ကို မြင့်တက်စေပါတယ်။

**ပျားရည်စစ်စစ်**

လည်ချောင်းနာတာ၊ ချောင်းဆိုးတာကို သက်သာစေပါတယ်။

**နနွင်းမှုန့်**

ရောင်ရမ်းမှုကို တွန်းလှန်ပေးပြီး အနာကျက်နှုန်းကို မြင့်တက်စေပါတယ်။

**ငှက်ပျောသီး**

အစာကြေလွယ်ပြီး စွမ်းအင်ကို တိုးစေပါတယ်။

**ဒိန်ချဉ်**

အကျိုးပြုဘက်တီးရီးယားတွေပါတဲ့အတွက် အူလမ်းကြောင်း ကျန်းမာရေးကောင်းစေပါတယ်။

**အောင်မျိုးမြတ်(မန္တလေး)**
**ကိုးကား–Tik Tok**




## ဆံပင်ကျွတ်တာကို သက်သာစေမယ့်အစားအစာများ

ဆံပင်ကျွတ်တာကို သက်သာစေဖို့နဲ့ ဆံပင်သန်စွမ်းဖို့အတွက် အစားအသောက်တွေက အဓိကကျပါတယ်။ အောက်ဖော်ပြပါ အစားအစာတွေကို စားသုံးပေးခြင်းဖြင့် ဆံပင်ကျန်းမာရေးကို ကောင်းမွန်စေပါတယ်။

**၁။ ပရိုတင်းဓာတ်**– ကြက်ဥ၊ ပဲအမျိုးမျိုး၊ အသားနဲ့ ငါးတို့မှာ ပရိုတင်းဓာတ် ကြွယ်ဝစွာပါဝင်ပါတယ်။ ပရိုတင်းဓာတ်ဟာ ဆံပင်ရဲ့ အခြေခံဖြစ်တဲ့ ကီရာတင် (Keratin) ကို ထုတ်လုပ်ပေးပါတယ်။

**၂။ ဗီတာမင်ဓာတ်များ** – ဗီတာမင်(A) (မုန်လာဥနီ၊ ဟင်းနုနယ်)၊ ဗီတာမင်(စီ) (လိမ္မော်သီး၊ စတော်ဘယ်ရီ)နဲ့ ဗီတာမင်(အီး) (ဗာဒံစေ့၊ နေကြာစေ့)တို့ဟာ ဆံပင်ကို အားဖြည့်ပေးပါတယ်။

**၃။ သတ္တုဓာတ်များ** – သံဓာတ်(ဟင်းနုနယ်၊ အမဲသား)နဲ့ ဇင့်(Zinc) (ကမာကောင်၊ ပဲအမျိုးမျိုး)တို့က ဆံပင်အရင်းတွေကို သန်စွမ်းစေပါတယ်။

**၄။ အိုမီဂါ–၃(Omega-3)**– ဆလ်လမွန်ငါး၊ တူနာငါးနဲ့ ပိုက်ဆန်စေ့တို့မှာ ပါဝင်ပြီး ဦးရေပြားကို ကျန်းမာစေပါတယ်။

**၅။ ဘိုင်အိုတင်(Biotin)**– ဥအမျိုးမျိုး၊ အခွံမာသီးနဲ့ ပဲအမျိုးမျိုးတို့မှာ တွေ့ရပြီး ဆံပင်ကို သန်စွမ်းစေတဲ့ ဗီတာမင်(ဘီ) အမျိုးအစားဖြစ်ပါတယ်။

ဒီလိုအာဟာရပြည့်ဝတဲ့ အစားအစာတွေကို စားသုံးပေးခြင်းအားဖြင့် ဆံပင်ကျွတ်တာကို သက်သာစေပြီး ကျန်းမာသန်စွမ်းတဲ့ ဆံပင်ကို ပိုင်ဆိုင်နိုင်ပါတယ်။

**Daisy**

## အသက်အရွယ် မရင့်ရော်စေရန် စားသောက်သင့်သည့် အစားအစာများ (Anti-aging Diet)

လူတစ်ဦးရဲ့ ကျန်းမာရေးနဲ့ ရုပ်ရည်ရူပကာဟာ စားသောက်နေထိုင်မှုပုံစံပေါ်မှာ အဓိကမူတည်နေပါတယ်။ အသက်အရွယ်ရလာတာနဲ့အမျှ ဖြစ်ပေါ်လာတဲ့ ဆဲလ်တွေပျက်စီးခြင်း၊ အရေပြားတွန့်လိမ်ခြင်း၊ နာတာရှည်ရောဂါများဖြစ်ပွားခြင်း စတာတွေကို နှေးကွေးစေဖို့ Anti-aging diet ကို စားသုံးပေးသင့်ပါတယ်။

ဒီလိုစားသုံးပေးခြင်းဖြင့် ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ ဗီတာမင်၊ သတ္တုဓာတ်၊ Anti-oxidants စတာတွေကို ရရှိစေပြီး ပိုမိုနုပျို ကျန်းမာလာနိုင်ပါတယ်။ အဓိကစားသုံးသင့်တဲ့ အစားအစာတွေကတော့–

**(၁) အဆီများသောငါးများ**– ဆော်လမွန် (Salmon)၊ မက်ကရယ် (Mackerel) တို့မှာပါတဲ့ Omega-3 fatty acids က အရေပြားရောင်ရမ်းမှုကို လျော့နည်းစေပြီး အသားအရေကို စိုပြည်တင်းရင်းစေပါတယ်။

**(၂) ဟင်းသီးဟင်းရွက်စိမ်းများ** – ဟင်းနုနယ်၊ ကိုက်လန်နဲ့ ပန်းဂေါ်ဖီစိမ်းတို့မှာပါတဲ့ ဗီတာမင်ကေ၊ စီ နဲ့ Folate က အရေပြားကို ကျန်းမာစေပြီး အရိုးအဆစ်တွေကို သန်မာစေပါတယ်။

**(၃) ဗီတာမင်(စီ) ကြွယ်ဝသောသစ်သီးများ**– ကီဝီ၊ ဘယ်ရီသီး၊ လိမ္မော်သီးတို့လို အသီးတွေမှာပါတဲ့ ဗီတာမင်(စီ)က Collagen ထုတ်လုပ်မှုကို အားပေးလို့ အရေးအကြောင်းဖြစ်ပေါ်ခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။

**(၄) အခွံမာသီးများ** – ဗာဒံစေ့၊ သစ်ကြားသီးတို့မှာပါတဲ့ ဗီတာမင်(အီး) နဲ့ Antioxidants က ဆံပင်၊ လက်သည်းနဲ့ အသားအရေကို ကျန်းမာစေပါတယ်။

**(၅) ပဲအမျိုးမျိုး** – ပဲနီလေးနဲ့ ပဲပိစပ်တို့မှာပါတဲ့ ပရိုတင်းဓာတ်က ဆဲလ်အသစ်တွေ ဖြစ်ပေါ်ဖို့နဲ့ ခန္ဓာကိုယ်ရဲ့ လုပ်ငန်းဆောင်တာတွေကို ကောင်းမွန်စေပါတယ်။

ဒါ့အပြင် လက်ဖက်စိမ်း၊ ခရမ်းချဉ်သီး၊ ရှားစောင်းလက်ပပ် စတဲ့ အစားအစာတွေကလည်း အရွယ်တင်နုပျိုစေဖို့အတွက် ကူညီပေးနိုင်ပါတယ်။ ဒီအစားအစာတွေကို ပုံမှန်စားသုံးပေးခြင်းဖြင့် သင့်ရဲ့ အသက်အရွယ်ထက် ပိုမိုနုပျိုကျန်းမာတဲ့ ခန္ဓာကိုယ်နဲ့ အလှအပကို ပိုင်ဆိုင်နိုင်ပါလိမ့်မယ်။

**Daisy**




## အသက် ၄၀ ကျော် အမျိုးသမီးများအတွက် အသားအရေထိန်းသိမ်းနည်းများ

အသက် ၄၀ ကျော် အရွယ်ရောက်လာတဲ့အခါ အသားအရေဟာ ခြောက်သွေ့လာပြီး အရေးအကြောင်းတွေ ပိုထင်လာတတ်ပါတယ်။ ဒီလိုပြောင်းလဲလာတဲ့ အသားအရေကို ထိရောက်စွာ ထိန်းသိမ်းဖို့ အရေးကြီးပါတယ်။

**၁။ နေ့စဉ်ထိန်းသိမ်းမှု**– နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် မျက်နှာကို မျက်နှာသစ်ဆေးနဲ့ သေချာသန့်စင်ပါ။ အသားအရေအမျိုးအစားနဲ့ကိုက်ညီတဲ့ Moisturizer ကို နံနက်၊ ည ပုံမှန် လိမ်းပေးပါ။ Hyaluronic Acid လို ပါဝင်ပစ္စည်းမျိုးက အသားအရေကို ရေဓာတ်ပြည့်ဝစေပါတယ်။ အပြင်သွားတဲ့အခါ SPF 30 အထက်ရှိတဲ့ Suncream ကို မဖြစ်မနေ လိမ်းပေးပါ။ နေရောင်ခြည်က အသားအရေ အိုမင်းခြင်းရဲ့ အဓိကရန်သူဖြစ်ပါတယ်။

**၂။ အထူးဂရုစိုက်မှု** – ညဘက်မှာ Retinoids ပါဝင်တဲ့ ခရင်မ်တွေကို လိမ်းပေးခြင်းဖြင့် အရေပြားဆဲလ်အသစ်တွေကို ဖြစ်ပေါ်စေပြီး အရေးအကြောင်းတွေကို လျော့ပါးစေပါတယ်။ ဗီတာမင်(စီ), ဗီတာမင်(အီး)စတဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေပါတဲ့ Serum တွေက အသားအရေကို ပတ်ဝန်းကျင်ဆိုးကျိုးတွေကနေ ကာကွယ်ပေးပါတယ်။ Collagen က အရေပြားကို တင်းရင်းစေပါတယ်။ Collagen ထုတ်လုပ်မှုကို အားပေးတဲ့ Serum တွေကို သုံးပေးပါ။

**၃။ နေထိုင်စားသောက်မှုပုံစံ** – တစ်နေ့ကို ရေအလုံအလောက် သောက်ပေးခြင်းက အသားအရေကို အတွင်းပိုင်းကနေ စိုပြည်စေပါတယ်။ ငါး၊ အခွံမာသီး၊ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံတွေလို အိုမီဂါ-၃ (Omega-3) နဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေပါတဲ့ အစားအစာတွေကို စားသုံးပေးပါ။ တစ်နေ့ကို အနည်းဆုံး ၇-၈ နာရီ အိပ်စက်ခြင်းက အရေပြားဆဲလ်တွေ ပြန်လည်ပြုပြင်ဖို့ ကူညီပေးပါတယ်။

ဒီအချက်တွေကို ပုံမှန်လိုက်နာပေးမယ်ဆိုရင် အသက် ၄၀ ကျော် အရွယ်မှာတောင် ကျန်းမာပြီး အရွယ်တင်နုပျိုတဲ့ အသားအရေကို ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။

**Daisy**



## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၆)၊ ဦးပိုင်အမှတ်(၇၈/၃၀) မြေကွက်ပေါ်တွင် ဦးထက်လင်းဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/မဆတ(နိုင်)၀၅၈၁၄၂)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၆)၊ ဦးပိုင်အမှတ်(၂၈-က) မြေကွက်ပေါ်တွင် ဒေါ်စိမ်းစိမ်းလွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ငဇန(နိုင်)၀၅၅၁၄၄)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ငင-၂)၊ ဦးပိုင်အမှတ်(၆၈) မြေကွက်ပေါ်တွင် ဦးမင်းသူ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လရန(နိုင်)၀၉၉၂၇၇)က RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁၀)၊ ဦးပိုင်အမှတ်(၁၇-က) မြေကွက်ပေါ်တွင် ဒေါ်မေလင်းဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မကတ(နိုင်)၀၅၂၅၆၅)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ (ညည-၆၄)၊ ဦးပိုင်အမှတ်(၆၉)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးစောသိန်း အမည်ဖြင့် မြေနေရာချထားရရှိသည့် မြေကွက်အတွင်း တောင်အစွန်ဆုံးခြမ်း (၁၅ပေ× ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကြည်ကြည်ဌေး (ဘ)ဦးခင်မောင်လေး(၉/ပသက(နိုင်)၀၀၂၃၀၇)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဖြူသီမြင့်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**ညည-၆၈/၄၂၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၆၁၁၅၉၅၄၄**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၇)၊ ဦးပိုင်အမှတ်(၆၅-ခဲစင်း) မြေကွက်ပေါ်တွင် ဦးစန်းငွေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၆၉၀၁၂)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်အမှတ်(၅၀၅)၊ ဦးပိုင်အမှတ်(၈၈-၈၉-က+၈၈-၈၉-စ) မြေကွက်ပေါ်တွင် ဦးမျိုးမြင့်(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ရဘန(နိုင်)၀၂၉၈၀၅)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၃)၊ ဦးပိုင်အမှတ်(၂၉-က) မြေကွက်ပေါ်တွင် ဦးလဂျာ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/လဟန(နိုင်)၀၀၆၉၂၇)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ (ညည-၈၁)၊ ဦးပိုင်အမှတ်(၃၃)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးသန်းဝင်း အမည်ဖြင့် မြေနေရာချထားရရှိသည့် မြေကွက်အတွင်း မြောက်အစွန်ဆုံးနှင့် ကပ်လျက် တောင်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝေဖြိုးအောင် (ဘ)ဦးဝင်းအေး(၅/ခဥန(နိုင်)၁၂၅၆၄၅)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဖြူသီမြင့်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**ညည-၆၈/၄၂၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၆၁၁၅၉၅၄၄**

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(ခ-၆)၊ ဦးပိုင်အမှတ်(၂၀) မြေကွက်ပေါ်တွင် ဒေါ်ခင်စန်းကြည် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ခတန(နိုင်)၀၀၀၂၆၄)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၄)၊ ဦးပိုင်အမှတ်(၁၇၇) မြေကွက်ပေါ်တွင် ဦးမင်းကြည် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/စကန(နိုင်)၀၂၈၅၈၇)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၃၀)၊ ဦးပိုင်အမှတ်(၁၇) မြေကွက်ပေါ်တွင် ဦးဏ္ဍိလှ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/မရက(နိုင်)၀၃၆၀၂၁)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်(၇၅၂)၊ ဦးပိုင်အမှတ်(၁၀၈) မြေကွက်ပေါ် တွင် ဒေါ်အေးညို နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/တယန(နိုင်)၀၁၄၂၉၅)က Steel Stru; (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ အကွက်(၂၄၉)၊ ဦးပိုင်အမှတ်(၄၃-က) မြေကွက်ပေါ်တွင် ဒေါ်သီသီ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနတ(နိုင်)၀၃၃၀၂၅)က Steel Stru; (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်း/အရှေ့ရပ်ကွက်၊ အကွက်(၅၆၈)၊ ဦးပိုင်အမှတ်(၂၉+၃၀+၃၅-က+၃၆) မြေကွက်ပေါ်တွင် ဦးအိုက်စွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/သပန(နိုင်)၀၂၃၄၆၇)က Steel Stru; (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်း/အရှေ့ရပ်ကွက်၊ အကွက်(၅၇၉)၊ ဦးပိုင်အမှတ်(၆၃) မြေကွက်ပေါ်တွင် ဦးနိုင်လင်း(အတွင်းရေးမှူး) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၂၆၇၂၉)က RC (၁)ထပ် (၂)လုံး အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်(၆၈၀)၊ ဦးပိုင်အမှတ်(၅၂) မြေကွက်ပေါ်တွင် ဦးတင်မောင်မြင့်(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရတ(နိုင်)၁၂၀၉၀၉)က အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်(၇၄၄)၊ ဦးပိုင်အမှတ်(၄၁-၄၄၂-ခ) မြေကွက်ပေါ်တွင် ဒေါ်ဓာခြည်ဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခအဇ(နိုင်)၀၀၂၅၅၉)က RC (၂)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၃)၊ ဦးပိုင်နံပါတ်(၂၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးသွင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စန္ဒာမိုး(ဘ)ဦးတင်ကြိုင်(၅/မကန(နိုင်)၀၆၆၁၇၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၃)၊ ဦးပိုင်နံပါတ်(၄၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဒေါ်ကြည် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်မင်းသက်(ဘ)ဦးစိုးဝင်း(၉/မသန(နိုင်)၁၁၅၁၉၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၆)၊ ဦးပိုင်နံပါတ်(၂၆-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက၊ (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ ဦးလှရွှေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အသားမေ(ဘ)ဦးရန်လှဝှာ(၁၃/နဆန(နိုင်)၀၀၂၉၁၀ [၎င်း၏ ကိုယ်စား ဦးကျော်ရှိန်(ဘ)ဦးကျော်မြင့်(၁၃/နဆန(နိုင်)၀၀၀၂၀၈])ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၂)၊ ဦးပိုင်နံပါတ်(၃၇-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ (ပေ၃၀×၄၅ပေ) အကျယ်အဝန်းရှိ ဒေါ်ဝိုင်းတင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း (၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးဇော်မင်းထွေး(ဘ)ဦးထွန်းမြတ်(၉/ပဘန(နိုင်)၂၂၉၈၆၆)နှင့် ဒေါ်နိုင်ဇာနီ(ဘ)ဦးကံချွန်(၉/ခမစ(နိုင်)၀၅၇၇၈၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အိမ်အမှတ်(E-2)၊ 56(C)၊ ၊ ၁၀၈ လမ်းနှင့်၁၀၉လမ်းကြားနေ ဦးဝင်း၊ ဒေါ်ခင်ဝင်းကြည်တို့၏ သမီးဖြစ်သူ မထက်ထက်အောင်(၉/ခမစ(နိုင်)၀၅၅၆၂၈)သည် မိဘနှစ်ပါးအား အမျိုးမျိုးဒုက္ခပေးပြီး အိမ်မှ ထွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးဝင်း(၁၂/ဗဟန(နိုင်)၀၅၅၁၁၉)**
**ဒေါ်ခင်ဝင်းကြည်(၁၂/ဗဟန(နိုင်)၀၁၁၆၉၂)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁၀)၊ ဦးပိုင်အမှတ်(၁၇၂)၊ မြေဧရိယာပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဒေါ်မမလေး(ဘ)ဦးပွ(AE-၁၈၀၈၉၈)အမည်ဖြင့် ချထားပေးသော မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ကျောက်ပြားကပ်(၂)ထပ် အဆောက်အအုံ၊ ရေ+မီး(ဆက်လက်သုံးစွဲပိုင်ခွင့်) အပါအဝင် နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်၊ နိုတြီကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်ငွေငွေးကြည်(ဘ)ဦးတင့်(၉/ပသက(နိုင်)၀၈၅၉၈၁)မှ ကျွန်ုပ်တို့၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေကလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအောင်ကိုလတ်(LL.B) ဒေါ်ဝါဝါကို(LL.B) ဦးအောင်နိုင်ထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**၃၈လမ်း၊ ၇၈လမ်းနှင့်၇၉လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၃၄၄၄၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဂဂ-၁)၊ ဦးပိုင်အမှတ်(၂၆-ခ)၊ မြေဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အအုံ၊ ရေ+မီး (ဆက်လက်သုံးစွဲပိုင်ခွင့်) အပါအဝင် နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်လက်ရှိ အမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးပြည့်စိုးဘို(ဘ)ဦးဘိုအေး(၉/ခမစ(နိုင်)၀၄၀၂၀၆)မှ ကျွန်ုပ်တို့၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေကလည်း ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအောင်ကိုလတ်(LL.B) ဒေါ်ဝါဝါကို(LL.B) ဦးအောင်နိုင်ထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**၃၈လမ်း၊ ၇၈လမ်းနှင့်၇၉လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၃၄၄၄၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၄၇)၊ ဦးပိုင်အမှတ်(၇-ထ)၊ ခဲစင်းပြဧရိယာ(၀ ဒသမ ၀၂၀၀)ဧက အကျယ်အဝန်းရှိ ဦးစံရွှေ အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (နံကပ်-နှစ်ထပ်အဆောက်အအုံ)၊ ရေ+မီး(ဆက်လက်သုံးစွဲခွင့်)၊ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်၍ လက်ရှိပိုင်ဆိုင်သူ (၁)ဒေါ်သင်းသင်းအောင်(ဘ)ဦးဝင်း(၉/ခအဇ(နိုင်)၀၂၃၆၃၇)၊ (၂)ဒေါ်ခင်ပပအောင်(ဘ)ဦးဝင်း(၉/ခအဇ(နိုင်)၀၂၄၇၀၃)၊ (၃) ဒေါ်လှဲ့လှဲ့မူ(ဘ)ဦးကိုကိုကြီး(၉/မနတ(နိုင်)၀၉၆၇၀၇)ထံမှ ကျွန်ုပ်တို့ အမှုသည်က အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီခဲ့သဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နှင်းဖြူအောင် (LL.M)**
**တရားလွှတ်တော်ရှေ့နေ**
**ရုံးခန်း- ၆၅လမ်း၊ ၃၄လမ်းနှင့်၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၈၁၁၀၂**

## Soe Thu Oo အကောင့်၊ အကောင့်အသုံးပြုသူအား Social Media ပေါ်တွင် မဟုတ်မမှန် စွပ်စွဲရေးသားချက်များနှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၆၉လမ်းနှင့်လမ်း၇၀ကြား၊ ၃၇(အေ)လမ်းနေ ဦးစိုးရန်နိုင်(ဘ) ဦးမျိုးမြင့်၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ရှင်းလင်းသတိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ ရပ်ကွက်နေ ဦးစိုးရန်နိုင်မှာ အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းနှင့်ပတ်သက်၍ ရိုးသားစွာဖြင့် နာမည်ပျက်မရှိ လုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ပါသည်။ Soe Thu Oo အကောင့်ပိုင်ရှင်မှ ဦးစိုးရန်နိုင်သည် တရားရုံးရှိ ဝန်ထမ်းများတို့နှင့်ပူးပေါင်းပြီး မဟုတ်မမှန် လုပ်ကြံတရားစွဲကြောင်း၊ တရားမဝင်စာရွက်စာတမ်း အတုများ ပြုလုပ် ဆောင်ရွက်ကြောင်း၊ တရားရုံးသို့ ခေါ်ယူပြီး၊ ခြိမ်းခြောက်အကြပ်ကိုင်တရားစွဲဆိုကြောင်း၊ ဦးစိုးရန်နိုင်က နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ်နေကြောင်း၊ ယခင်ကလည်း အိမ်ဂရန်အတုများ ပြုလုပ်နေကြောင်း မဟုတ်မမှန် စွပ်စွဲပြီး ရေးသားဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

ယခုကဲ့သို့ အထောက်အထားမဲ့ မဟုတ်မမှန် စွပ်စွဲရေးသားချက်များကြောင့် ဦးစိုးရန်နိုင်၏ လုပ်ငန်းကိစ္စများတွင် ထင်ယောင်ထင်မှားဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာကျဆင်းထိခိုက်မှုလည်း ဖြစ်ပေါ်ခဲ့သည်ဟု သိရပါသည်။ Soe Thu Oo အကောင့်ပိုင်ရှင်အနေဖြင့်လည်း ၎င်းမဟုတ်မမှန်ရေးသားချက်များကို ပြန်လည်ဖျက်သိမ်းပေးရန် သတိပေးကြေညာပါသည်။ အကယ်၍ အကောင့်ပိုင်ရှင်မှ မမှန်မကန်ရေးသားဖော်ပြချက်များကို ပြန်လည်ဖျက်သိမ်းပေးခြင်းမရှိပါက အကောင့်ပိုင်ရှင်အား တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ–**
**ဦးစိုးရန်နိုင်(ဘ)ဦးမျိုးမြင့်**
**၉/မဟမ(နိုင်)၀၂၄၅၂၅**

**လွှဲအပ်ချက်အရ–**
**ဦးခင်မောင်မြင့် LL.B(Advocate)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၇၅)**
**၆၅လမ်းနှင့်၆၆လမ်းကြား၊ ရေနီမြောင်းလမ်း၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၉၆၅၁**

❖ နိုင်ငံ့အကျိုး ပြည်သူ့အကျိုးကို ရှေးရှုပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို ယခုထက်မြှင့်တင်ကြရန် တိုက်တွန်းပြောကြားလို...

❖ အစိုးရနှင့်ပုဂ္ဂလိကအကြား နီးနီးစပ်စပ်ပူးပေါင်းပြီး လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်မှသာ ကုန်ထုတ်လုပ်မှုနှင့် ကုန်စည်စီးဆင်းမှုတိုးတက်လာစေမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင်ပြုလုပ်သော မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၅) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား မန္တလေးတက္ကသိုလ်၌ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၅

၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများနှင့် ထူးချွန်ဆရာ ဆရာမများ၊ ပြိုင်ပွဲများတွင် ဆုများရရှိခဲ့ကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြတ်ဆရာ"သီချင်းဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီးက ဖတ်ကြားသည်။

ယင်းနောက် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မေစန်းရီက ဖတ်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးများ၊ ထူးချွန်ဆရာ ဆရာမများ၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။



ထို့နောက် မန္တလေးပညာရေးဒီဂရီကောလိပ်မှ ကျောင်းသူများက "ဥယျာဉ်နန်းက ပွင့်သစ်ပန်း" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## ပရီးမီးယားလိဂ်ပွဲစဉ်(၇)တွင် အဲဗာတန်၊ နယူးကာဆယ်၊ ဗီလာ၊ မန်စီးတီးတို့ နိုင်ပွဲကိုယ်စီရရှိ

လန်ဒန် အောက်တိုဘာ ၅

ပရီးမီးယားလိဂ်ပွဲစဉ်(၇) တွင် အဲဗာတန်၊ နယူးကာဆယ်၊ ဗီလာနှင့် မန်စီးတီးအသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြသည်။

ယနေ့ ည ၇ နာရီခွဲက အဲဗာတန်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အဲဗာတန်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူနိုင်ခဲ့သည်။

အဲဗာတန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၇၆မိနစ်တွင် အန်ဒီဂီ၊ ပွဲချိန် (၉၀+၃)မိနစ်တွင် ဂျက်ဂရစ်ရှ်လစ်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

အခြားပွဲစဉ်အဖြစ် နယူးကာဆယ်အသင်းနှင့် နော့တင်ဟမ်ဖောရက်စ်အသင်းတို့ ပွဲစဉ်တွင် နယူးကာဆယ်အသင်းက နော့တင်ဟမ်ဖောရက်စ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ ဗီလာအသင်းနှင့် ဘန်လေအသင်းတို့ ပွဲစဉ်တွင် ဗီလာအသင်းက ဘန်လေအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး နိုင်ပွဲကိုယ်စီ ရယူနိုင်ခဲ့ကြသည်။

ဆက်လက်၍ ယနေ့ ည ၁၀ နာရီက မန်စီးတီးအသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ ပွဲစဉ်တွင် မန်စီးတီးအသင်းက ဘရန့်ဖို့ဒ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မန်စီးတီးအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၉မိနစ်တွင် ဟာလန်းက သွင်းယူပေးခဲ့သည်။

(NGB)

0-0-0-0-0

## စပိန်လာလီဂါ ပွဲစဉ်(၈)တွင် အလာဗက်စ်၊ ဆီဗီလာ၊ ဘက်တစ်နှင့် ဗယ်လက်ကာနိုအသင်းတို့ နိုင်ပွဲရယူနိုင်ခဲ့ကြ

မက်ဒရစ် အောက်တိုဘာ ၅

စပိန်လာလီဂါပွဲစဉ်(၈)တွင် အလာဗက်စ်၊ ဆီဗီလာ၊ ဘက်တစ်၊ ဗယ်လက်ကာနိုအသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီ ရယူနိုင်ခဲ့ကြသည်။

ပွဲစဉ်(၈)အဖြစ် ယနေ့ ညနေ ၆နာရီခွဲက အလာဗက်စ်အသင်းနှင့် အယ်လ်ချီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး အလာဗက်စ်အသင်းက အယ်လ်ချီအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ယနေ့ ည ၉နာရီ ၄၅မိနစ်တွင်လည်း ဆီဗီလာအသင်းနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆီဗီလာအသင်းက ဘာစီလိုနာအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အံ့အားသင့်ဖွယ် ဂိုးပြတ်အနိုင်ရယူနိုင်ခဲ့သည်။

ဆီဗီလာအသင်းသည် ဘာစီလိုနာအသင်းအား အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ပြီး ဂိုးပြတ် အနိုင်ရယူနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ဘာစီလိုနာအသင်းသည်လည်း ယခုရှုံးပွဲကြောင့် အမှတ်ပေးဇယား အဆင့်(၁)နေရာမှ ရီးရဲလ်မက်ဒရစ်အသင်းနှင့် သုံးမှတ်အထိကွာဟခဲ့သည်။

ယနေ့ ည ၁၁ နာရီက အက်စ်ပန်ညိုအသင်းနှင့် ဘက်တစ်အသင်းတို့ ပွဲစဉ်တွင် ဘက်တစ်အသင်းက အက်စ်ပန်ညိုအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း၊ ဆိုစီဒက်အသင်းနှင့် ဗယ်လက်ကာနိုအသင်းတို့ ပွဲစဉ်တွင် ဗယ်လက်ကာနိုအသင်းက ဆိုစီဒက်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း နိုင်ပွဲရရှိခဲ့ကြသည်။

(NGB)

